မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၂၀ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် ( ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

**အခွန်အယူခံခုံအဖွဲ့ ရုံးလုပ်ငန်းအတွက် အသွင်ကူးပြောင်းရေးကာလသတ်မှတ်ခြင်း**

အခွန်အယူခံခုံအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရန်နှင့် လိုအပ်သောပြင်ဆင်ညှိနှိုင်းမှုများပြုလုပ်နိုင်ရန် အသွင်ကူးပြောင်းရေးကာလကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၀ အရ သတ်မှတ်လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်)

**ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative - BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီအဖြစ် အမည်ပြောင်းလဲခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု One Belt One Road (OBOR) နှင့်စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီ" အား **ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative - BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီ** အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၅ ရက်)

### e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော "e-Government ဦးဆောင်ကော်မတီနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ" မှ **e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ** တွင် အဖွဲ့ဝင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် **အစား** နာယက၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက်)

### အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီတွင် အဖွဲ့ဝင် ထပ်မံဖြည့်စွက်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို အဖွဲ့ဝင်အဖြစ် ထပ်မံဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

### ကော်မရှင်ဖွဲ့စည်းမှု ရုပ်သိမ်းခြင်း

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၆) ဖြင့် ထုတ်ပြန်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဖွဲ့စည်းမှုကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

(ပုံ) တီခွန်မြတ်

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

**ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆။)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ယဉ်ကျေးမှုအမွေအနှစ်**ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ ရှေးဟောင်းသုတေသနအရဖြစ်စေ၊ အနုပညာလက်ရာမြောက်မှုအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ၊ ဘူမိဗေဒအရဖြစ်စေ၊ ဇီဝဗေဒအရဖြစ်စေ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းရန်လိုအပ်သည့် ရှေးဟောင်းနေရာ သို့မဟုတ် ရှေးဟောင်းအဆောက်အအုံကို ဆိုသည်။

(ခ) **အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်**ဆိုသည်မှာ ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်ကို ဆိုသည်။

(ဂ) **ကမ္ဘာ့အမွေအနှစ်**ဆိုသည်မှာ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ကြေညာသည့် ၁၉၇၂ ခုနှစ်၊ ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်ဆိုင်ရာ ကွန်ဗင်းရှင်းအရ စာရင်းသွင်းသတ်မှတ်ထားသော ယဉ်ကျေးမှုအမွေအနှစ်ကို ဆိုသည်။

(ဃ) **ယဉ်ကျေးမှုအမွေအနှစ်ဒေသ**ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသနှင့် ကြားခံဒေသကို ဆိုသည်။

(င) **ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ**ဆိုသည်မှာ ရှေးဟောင်းအဆောက်အအုံများဖြစ်စေ၊ ရှေးဟောင်းနေရာများဖြစ်စေ တည်ရှိသည့် ဤဥပဒေအရ တိကျစွာ သတ်မှတ်ဖော်ပြထားသော ဒေသကို ဆိုသည်။

(စ) **ကြားခံဒေသ**ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသကို ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ဤဥပဒေအရ တိကျစွာ သတ်မှတ်ဖော်ပြထားသောဒေသကို ဆိုသည်။

(ဆ) **ရှေးဟောင်းနေရာ**ဆိုသည်မှာ ဦးစီးဌာနက ရှေးဟောင်းနေရာ ဟုတ် မဟုတ် စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်သော တူးဖော်ဆဲဖြစ်သည့် သို့မဟုတ် တူးဖော်ခြင်းမပြုရသေးသည့်နေရာ၊ သဘာဝအရဖြစ်ပေါ်နေသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကျောက်လက်နက်များ တွေ့ရှိရာနေရာ၊ ရှေးခေတ်လူတို့ အခြေချနေထိုင်ခဲ့သော သို့မဟုတ် နားခိုခဲ့သောနေရာကို ဆိုသည်။

(ဇ) **ရှေးဟောင်းအဆောက်အအုံ**ဆိုသည်မှာ မြေပေါ် သို့မဟုတ် မြေအောက်တွင်ဖြစ်စေ၊ ရေပေါ် သို့မဟုတ် ရေအောက်တွင်ဖြစ်စေ ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ ဘူမိသဘာဝပတ်ဝန်းကျင်နေရာများအပါအဝင် လူသားတို့ နေထိုင်ပြုလုပ်သုံးစွဲတည်ဆောက်ခဲ့သည့် နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် အောက်ပါအဆောက်အအုံ နေရာများကို ဆိုသည် -

(၁) စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ အုတ်ကျောင်း၊ ဇရပ်၊ သိမ်အပါအဝင်သာသနိကဆိုင်ရာ အဆောက်အအုံများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများ၊ အုတ်ကုန်းများ၊ ပြိုကျပျက်စီးသွားပြီးဖြစ်သည့် အပျက်အစီးများ၊

(၂) ရှေးမြို့ဟောင်း၊ နန်းတော်၊ မြို့ရိုး၊ ကျုံး၊ မြေကတုတ်၊ တံခါး၊ မုခ်ဝ၊ မြို့ဝင်ပေါက်၊ ခံတပ်များ၊ လူနေအဆောက်အအုံများ၊ လူနေရာဌာန၊ ဥယျာဉ်၊ အလုပ်လုပ်ရာဌာနနှင့် လူသားတို့နေထိုင်ခဲ့သည့် ကုန်းဟောင်းများ၊ ယင်းတို့၏ အကြွင်းအကျန်များ၊

(၃) သဘာဝအလျောက်တည်ရှိသည့် သို့မဟုတ် လူတို့ဖန်တီးသည့် ခိုအောင်းနေထိုင်ခဲ့သောဂူ၊ သဘာဝလိုဏ်ဂူ၊ ရှေးဟောင်းကျောက်ဂူ၊ အခြားနေထိုင်ရာနေရာနှင့် လူသားတို့သွားလာနေထိုင်ခဲ့သည့် ကုန်း၊ ရိုး၊ ချိုင့်၊ ကျင်း၊ လျှိုမြောင်၊ မြစ်ကမ်းဆင့်နှင့် ပရိုင်းမိတ်များ၊ အခြားကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာနေရာများအပါအဝင် ဘူမိသဘာဝ ပတ်ဝန်းကျင်နေရာများ၊

(၄) လူသားတို့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်သည့်နေရာ၊ အိုးဖို၊ စဥ့်ဖို၊ သံချက်ဖို၊ ဖန်ချက်ဖိုနှင့် အခြားသတ္တုကျိုချက်သည့် ဖိုများနှင့် ဆက်စပ်နေရာများ၊

(၅) ရှေးခေတ်အဆောက်အအုံ၊ လမ်း၊ တံတား၊ တူးဖော်ထားသောနေရာ၊ ရေတွင်း၊ ရေကန်၊ ရေအိုင်၊ ဆည်မြောင်းနှင့် အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသော ကျောက်ပုံ၊ ကျောက်တိုင်၊ ကျောက်စု၊ သင်္ချိုင်း၊ မြေမြှုပ်သင်္ဂြိုဟ်သောနေရာ၊ သင်္ဂြိုဟ်သောအဆောက်အအုံ၊ ဂူ၊ ပြာသာဒ်၊

(၆) ကမ္ပည်းကျောက်စာ၊ မော်ကွန်းစသည်တို့နှင့် ၎င်းတို့ကိုထားရှိရာ အဆောက်အအုံ သို့မဟုတ် ကျောက်စာဂူ၊ အထိမ်းအမှတ်အဖြစ် ပြုလုပ်စိုက်ထူထားသည့် အရာဝတ္ထုများ၊ တိုင်များ၊ ကျောက်ချပ်များ။

ခြွင်းချက်။ ရှေးဟောင်းစာရင်းဝင် အဆောက်အအုံအဖြစ် သတ်မှတ်သင့်သည့် အဆောက်အအုံများနှင့် ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာတန်ဖိုးမြင့်မား၍ နိုင်ငံတော်က ရှေးဟောင်းအဆောက်အအုံကဲ့သို့ ကာကွယ်ထိန်းသိမ်းသင့်သည့် အဆောက်အအုံများကို နှစ်ပေါင်း ၁၀၀ သက်တမ်းမပြည့်သော်လည်း ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်နိုင်သည်။

(ဈ) **ရှေးဟောင်းအဆောက်အအုံပရဝဏ်**ဆိုသည်မှာ ဤဥပဒေအရသတ်မှတ်သော ရှေးဟောင်းအဆောက်အအုံ၏ နယ်နိမိတ်ကို ဆိုသည်။

(ည) **မြို့ပြ**ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း တည်ဆဲဥပဒေအရ သက်ဆိုင်ရာ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြို့မြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေကို ဆိုသည်။

(ဋ) **ကျေးရွာ**ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း တည်ဆဲဥပဒေအရ သက်ဆိုင်ရာ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရွာမြေအဖြစ် သတ်မှတ်ထားသည့်နယ်မြေကို ဆိုသည်။

(ဌ) **ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်း**ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်တွင် ဒြပ်ရှိဒြပ်မဲ့လူမှုဓလေ့များ ပေါင်းစပ်ဖွဲ့စည်း ဖြစ်တည်လျက်ရှိသည့် နယ်မြေနှင့် ယင်းတို့၏ ဖြစ်တည်မှုကို ပေါ်လွင်ထင်ရှားစွာ တွေ့မြင်မှတ်သားနိုင်သည့် ရှုမြင်ကွင်းကို ဆိုသည်။

(ဍ) **အမျိုးသားအဆင့်ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို ဆိုသည်။

(ဎ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ**ဆိုသည်မှာ ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသတို့အတွက် ဤဥပဒေအရဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို ဆိုသည်။

(ဏ) **ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီ**ဆိုသည်မှာ ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသမှအပ ကျန်ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုချင်းအတွက် ဤဥပဒေအရဖွဲ့စည်းသည့် ဒေသဆိုင်ရာယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေး ကော်မတီကို ဆိုသည်။

(တ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **ဦးစီးဌာန**ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်စွာ တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒကို မြှင့်တင်အကောင်အထည်ဖော်ရန်၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များအား သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ၊ သစ်ပင်သစ်ဥကြောင့်ဖြစ်စေ၊ ပိုးမွှားများ၊ ငှက်၊ တိရစ္ဆာန်များကြောင့်ဖြစ်စေ ယိုယွင်းဆုံးရှုံးပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများအမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ကာကွယ်ထိန်းသိမ်းခြင်း၏ တန်ဖိုးကြီးမားမှုကို အများပြည်သူတို့ နားလည်ခံယူနိုင်ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးမှုမခံရစေရေးအတွက် အကာအကွယ်ပေးရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်၊

(ဆ) ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဇ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ဒေသခံများ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## အမျိုးသားအဆင့်ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် -

(က) အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(ခ) ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်း မဟုတ်သော အမျိုးသားအဆင့်ကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၆။ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် မူဝါဒများ၊ လမ်းညွှန်ချက်များ ချမှတ်ပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီတို့၏ နှစ်စဉ် အစီရင်ခံစာကို စိစစ်ပြီး အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ် ထိန်းသိမ်းရေးနှင့်စပ်လျဉ်းသည့် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီများနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီများ ဖွဲ့စည်းခြင်း

၇။ အမျိုးသားအဆင့်ကော်မတီသည် -

(က) ကမ္ဘာ့အမွေအနှစ်ဒေသကိုလည်းကောင်း၊ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသကို လည်းကောင်း ကာကွယ်ထိန်းသိမ်းရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့နှင့်ညှိနှိုင်း၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးတစ်ဦး | ဒုတိယဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |

(၆) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန — အဖွဲ့ဝင်

(၉) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၀) ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန — အဖွဲ့ဝင်

(၁၁) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ သုံးဦး — အဖွဲ့ဝင်

(၁၂) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသောဒေသခံ အနည်းဆုံးသုံးဦးမှ အများဆုံးငါးဦးထိ — အဖွဲ့ဝင်

(၁၃) သက်ဆိုင်ရာ ဦးစီးဌာနခွဲ တာဝန်ခံ — အတွင်းရေးမှူး

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်း မဟုတ်သော အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့သည် -

(က) ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများမှအပ ကျန်ယဉ်ကျေးမှု အမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းရမည် -

(၁) ခရိုင် သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိတစ်ဦး — ဥက္ကဋ္ဌ

(၂) ခရိုင် သို့မဟုတ် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အရာရှိတစ်ဦး — အဖွဲ့ဝင်

(၃) ခရိုင် သို့မဟုတ် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အရာရှိတစ်ဦး — အဖွဲ့ဝင်

(၄) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရာရှိတစ်ဦး — အဖွဲ့ဝင်

(၅) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသော ဒေသခံနှစ်ဦး — အဖွဲ့ဝင်

(၆) သက်ဆိုင်ရာ ဦးစီးဌာနခွဲ တာဝန်ခံ — အတွင်းရေးမှူး

(ခ) ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။

## အခန်း (၅)

## ယဉ်ကျေးမှုအမွေအနှစ်ဒေသသတ်မှတ်ခြင်း

၉။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါဒေသအမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ နယ်နိမိတ်ဖော်ပြ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ၊

(ခ) ကြားခံဒေသ။

၁၀။ ဝန်ကြီးဌာနသည် လိုအပ်လျှင် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းတွင် မြေယာစီမံခန့်ခွဲရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လိုအပ်ပါက အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာ ဥပဒေနှင့်အညီ သက်ဆိုင်ရာပုဂ္ဂိုလ်၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း (၆)

## ယဉ်ကျေးမှုအမွေအနှစ်ဒေသ ကာကွယ်ထိန်းသိမ်းခြင်း

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ယဉ်ကျေးမှုအမွေအနှစ် အခင်းအကျင်းကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေသည့် မည်သည့်အဆောက်အအုံမျှ ဆောက်လုပ်ခြင်းမပြုရန် တားဆီးခြင်း၊ ကျူးကျော်ဆောက်လုပ်ထားမှုများကို ဖယ်ရှားစေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသ တစ်ခုချင်းအလိုက် အဆောက်အအုံဆောက်လုပ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရန် လိုအပ်ပါက ဝန်ကြီးဌာန၏သဘောတူညီချက်ရယူရမည် -

(က) ရှေးဟောင်းအဆောက်အအုံ၏ ပရဝဏ်ကို သတ်မှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သည့်ပရဝဏ်အတွင်း ဆောင်ရွက်သည့် ကိစ္စရပ်များအတွက် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံအား ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်း၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း။

## အခန်း (၇)
## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၁၅။ ဝန်ကြီးဌာန၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသနပြုလုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) ထင်ရှားကျော်ကြား၍ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ပျက်စီး ယိုယွင်းနေသော ယဉ်ကျေးမှုအမွေအနှစ်များကို ဦးစားပေးထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ကိုလည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရှေးဟောင်းနေရာနှင့် ရှေးဟောင်းအဆောက်အအုံများကိုလည်းကောင်း အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြည်ပသို့ မရောက်ရှိစေရေးနှင့် ပြည်ပသို့ရောက်ရှိသွားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြန်လည်ရရှိရေးတို့အတွက် လိုအပ်သလို ဆောင်ရွက်ခြင်း၊ ပြည်ပမှ ပြန်လည်ရရှိလာသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို တတ်နိုင်သမျှ မူလတည်ရှိခဲ့ရာဒေသ၌ ထိန်းသိမ်းထားရှိရန် ဆောင်ရွက်ခြင်း၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားဂုဏ်ယူတတ်စေရေးအတွက် အသိပညာပေးရေးလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဆ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်း ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေး ကော်မတီများ၏ တင်ပြချက်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း၊

(ဈ) ပုဒ်မ ၄၉၊ ပုဒ်မခွဲ (က) အရ အယူခံမှုအပေါ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ည) ယဉ်ကျေးမှုအမွေအနှစ် ထိခိုက်မှုတွင် ထိခိုက်အောင်ဆောင်ရွက်သူက ပေးလျော်စေရန်၊ ယဉ်ကျေးမှု အမွေအနှစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် သတ်မှတ်ခြင်း၊

(ဋ) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရငွေအပြင် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု ရန်ပုံငွေတစ်ရပ်ကို တည်ထောင် ထားရှိခြင်း။

## အခန်း (၈)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီများ၏ လုပ်ငန်းတာဝန်များ

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) ကမ္ဘာ့အမွေအနှစ်နှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့အမွေအနှစ်ဒေသများအတွက် ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းစဉ်က အတည်ပြုထားသည့် ဘက်စုံလွှမ်းခြုံသော စီမံခန့်ခွဲရေးလုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းရှိ ဒေသခံများ၏ အနာဂတ်မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) ကမ္ဘာ့အမွေအနှစ်နှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းရှိ မြို့ပြ၊ ကျေးရွာများတွင် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း -

(၁) အဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(၂) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလုပ်ငန်း အဆောက်အအုံကို ပြင်ဆင်ခြင်း၊

(၃) ဒေသခံများက ဆောင်ရွက်သည့် စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ခြင်း၊

(၄) ရှေးဟောင်းအဆောက်အအုံ၏ ဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ ဆောက်လုပ်ခြင်း၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၆) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းရပ်များအတွက် မဖြစ်မနေလိုအပ်သော အဆောက်အအုံ၊ လူအများသုံး အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊

(၇) သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများကို ပြန်လည်ပြင်ဆင်စေခြင်း၊ ဖျက်သိမ်းစေခြင်း။

(င) ကမ္ဘာ့အမွေအနှစ်နှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းရှိ ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားအဆင့်ကော်မတီသို့ နှစ်စဉ် အစီရင်ခံတင်ပြခြင်း။

၁၇။ ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့အမွေအနှစ်ဒေသများအတွက် ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းစဉ်က အတည်ပြုထားသည့် ဘက်စုံလွှမ်းခြုံသော စီမံခန့်ခွဲရေးလုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ဒေသခံများ၏ အနာဂတ်မြို့ပြကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများကို ပြန်လည်ပြင်ဆင်စေခြင်း၊ ဖျက်သိမ်းစေခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် အမျိုးသားအဆင့်ကော်မတီသို့ နှစ်စဉ်အစီရင်ခံတင်ပြခြင်း။

၁၈။ ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ဆောင်ရွက်လိုသည့် အောက်ပါကိစ္စရပ်များကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း -

(က) ရှေးဟောင်းအဆောက်အအုံနှင့် ယင်းဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

(ခ) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ရေမြောင်း၊ တာပေါင်ဆောက်လုပ်ခြင်း၊ လျှပ်စစ်နှင့် ဆက်သွယ်ရေး ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) စီမံခန့်ခွဲမှုအရ မဖြစ်မနေလိုအပ်သော အဆောက်အအုံ၊ လူအများသုံး အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း။

၁၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေး ကော်မတီသည် ကြိုတင်ခွင့်ပြုချက် လျှောက်ထားလာမှုများကို အမွေအနှစ် ထိခိုက်နိုင်မှု ဆန်းစစ်ချက်ပြုလုပ် စေပြီး တွေ့ရှိချက်ရလဒ်ပေါ် မူတည်၍ ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ရမည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေး ကော်မတီများသည် ကြိုတင်ခွင့်ပြုချက်ပေးထားသည့် ကိစ္စရပ်များကို ခွင့်ပြုစဉ်က သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခြင်းမရှိလျှင် ကြိုတင်ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၉)

## ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း

၂၁။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်မှုမရှိကြောင်း ကြိုတင်ခွင့်ပြုချက်ရရှိရန် ကမ္ဘာ့အမွေအနှစ်ဒေသ သို့မဟုတ် အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီသို့လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ဒေသ သို့မဟုတ် အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသမှအပ ကျန်ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဖြစ်ပါက ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီသို့လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား ရမည် -

(က) ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသအတွင်းရှိ မြို့ပြနှင့် ကျေးရွာတွင် -

(၁) အဆောက်အအုံ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအဆောက်အအုံမှတစ်ပါး အခြားအဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်ကို ကာရံခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(၃) ယဉ်ကျေးမှုအမွေအနှစ်များကို မထိခိုက်သည့် သာသနိကအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊

(၄) လမ်းများတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဆိပ်ခံဇောတံတားများ ပြင်ဆင်ခြင်း၊

(၅) ရေတွင်း၊ ရေကန်၊ ရေကူးကန်၊ ရေလှောင်ကန်၊ မွေးမြူရေးကန်များ၊ မွေးမြူရေးခြံများ၊ နှစ်ရှည်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊

(၆) လက်မှုလုပ်ငန်းဆိုင်ရာ အလုပ်ရုံများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(၇) စီးပွားရေးလုပ်ငန်းဆိုင်ရာ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာများ တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(၈) ပြခန်းလုပ်ငန်းဆိုင်ရာ အဆောက်အအုံအသစ် ဆောက်လုပ်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(၉) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းအဆောက်အအုံကို ပြင်ဆင်ခြင်း၊

(၁၀) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ အခြားစက်တပ်၊ စက်မဲ့ယာဉ် ပျံသန်းခြင်း။

(ခ) ကြားခံဒေသတွင် -

(၁) လမ်းဖောက်လုပ်ခြင်း၊ ဆိပ်ခံဇောတံတား၊ ယာဉ်ရပ်နားစခန်း၊ ရထားလမ်း၊ ရထားဘူတာရုံ၊ အားကစားရုံ၊ အားကစားကွင်းများ၊ အဆောက်အအုံနှင့် တံတားများ အသစ်တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(၂) ဆက်သွယ်ရေးတာဝါတိုင်များ၊ မြေအောက်လုပ်ငန်းများ၊ မြေအောက် ဓာတ်အားကြိုးများ၊ လျှပ်စစ်မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်တိုင်များ၊ ဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်စိုက်ထူခြင်း၊

(၃) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ မောင်းသူမဲ့လေယာဉ် ဖြတ်သန်းပျံသန်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၄) ဇာတ်ရုံကဲ့သို့သော ဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများ၊ တည်းခိုရေးအဆောက်အအုံများ၊ နားနေစခန်းများ၊ မြင်းစီးစခန်း ပြိုင်ကွင်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း။

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် -

(၁) လယ်မြေ၊ ယာမြေများအပေါ်တွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်မြင်ကွင်းကို ထိခိုက်စေသော နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(၂) မူလမြေမျက်နှာသွင်ပြင်ကို ပျက်စီးစေနိုင်သည့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း -

(ကက) ရွှေကျင်ခြင်း၊ သဲထုတ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အုတ်ဖုတ်ခြင်း၊ အမှိုက်များစုပုံ စွန့်ပစ်ခြင်း၊ ရေဆိုးထုတ်ခြင်း၊

(ခခ) သဘာဝကုန်းကမူများနှင့် တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ မြေညှိခြင်း၊ မြေတူးခြင်းနှင့် ရေစီးရေလာ ပိတ်ဆို့တားဆီးခြင်း၊

(ဂဂ) ကန်၊ ချောင်း၊ ဆည်မြောင်း၊ တာတမံ၊ လျှို၊ ချိုင့်များ မြေဖို့ခြင်း။

(၃) လက်ရှိပေါက်ရောက်နေသည့် ဒေသမျိုးရင်း သဘာဝသစ်ပင်များကို ခုတ်ထွင်ခြင်း၊ ခင်တန်းများကို ဖျက်ဆီးခြင်း၊ ဒေသမျိုးရင်းမဟုတ်သော မျိုးစိတ်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(၄) ဝင်းခြံတစ်ခုခုအတွင်း ကျရောက်နေသည့် ရှေးဟောင်းအဆောက်အအုံများ၊ နေရာများ၏ မြင်ကွင်းကို တမင်ဖုံးကွယ်ခြင်း၊ အလွယ်တကူဝင်ရောက်သွားလာကြည့်ရှုမရအောင် ပိတ်ဆို့ တားဆီးခြင်း၊ ခြံခတ်ကာရံခြင်း။

၂၂။ (က) ပုဒ်မ ၂၁ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ရက်ပေါင်း ၆၀ အတွင်း စိစစ်ဆုံးဖြတ်ရမည်။

(၂) ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ရက်ပေါင်း ၃၀ အတွင်း စိစစ်ဆောင်ရွက်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ စိစစ်ပြီး ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ စိစစ်ပြီး ကြိုတင်ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း ပြုနိုင်သည်။ လိုအပ်ပါက ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်ဖြင့် တင်ပြနိုင်သည်။

၂၃။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပြီး -

(က) ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသင့်ကြောင်း တွေ့ရှိလျှင် လျှောက်ထားသူအား ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရမည်။

(ခ) ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် မသင့်ကြောင်း တွေ့ရှိလျှင် လျှောက်ထားချက်ကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ရမည်။

၂၄။ (က) ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်မှုမရှိကြောင်း ကြိုတင်ခွင့်ပြုချက်ရရှိရန် ကမ္ဘာ့အမွေအနှစ်ဒေသ သို့မဟုတ် အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီသို့လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ဒေသ သို့မဟုတ် အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသမှအပ ကျန်ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းဖြစ်ပါက ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီသို့လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် -

(၁) ရှေးဟောင်းအဆောက်အအုံ၏ မူလရှေးဟောင်း ပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၃) ပြတိုက်များ တည်ဆောက်ခြင်း၊ ဖွင့်လှစ်ခြင်း၊

(၄) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းရပ်များအတွက် မဖြစ်မနေလိုအပ်သော အဆောက်အအုံ၊ လူအများသုံး အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီသည် ယင်းတို့၏ သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ဆက်လက်တင်ပြရမည်။

၂၅။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို ဦးစီးဌာနအား စိစစ်စေခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီထံ သဘောထားပြန်ကြားခြင်းများ ပြုလုပ်ရမည်။

၂၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီသည် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) ပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောထားပြန်ကြားချက်အရ -

(က) ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသင့်ကြောင်း တွေ့ရှိလျှင် လျှောက်ထားသူအား ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရမည်။

(ခ) ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန်မသင့်ကြောင်း တွေ့ရှိလျှင် လျှောက်ထားချက်ကို ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ရမည်။

၂၇။ ဝန်ကြီးဌာနသည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီနှင့် ဝန်ကြီးဌာနတို့ သဘောထားကွဲလွဲလျှင် ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာကော်မတီတို့မှ ကိုယ်စားလှယ်များပါဝင်သော အစည်းအဝေးခေါ်ယူကျင်းပ၍ ညှိနှိုင်းဆွေးနွေးပြီးဆုံးဖြတ်ရမည်။

(ခ) လိုအပ်ပါက ညှိနှိုင်းဆွေးနွေးချက်ကို အစည်းအဝေးမှတ်တမ်းနှင့်အတူ အမျိုးသားအဆင့်ကော်မတီသို့တင်ပြ၍ အတည်ပြုဆုံးဖြတ်ချက် ရယူရမည်။

၂၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီသည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ) တို့အရ ကြိုတင်ခွင့်ပြုချက်ပေးရန် ငြင်းပယ်ကြောင်းဆုံးဖြတ်လျှင် မည်သည့်အကြောင်းကြောင့် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

၂၉။ ဝန်ကြီးဌာနက သဘောထားပြန်ကြားရာတွင်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများသည် ပုဒ်မ ၂၂ နှင့် ၂၆ တို့အရ ကြိုတင်ခွင့်ပြုချက်ပေးရန် စိစစ်ရာတွင်လည်းကောင်း အောက်ပါအချက်များကို အခြေခံ၍ စိစစ်ရမည် -

(က) ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွက် ကမ္ဘာ့အမွေအနှစ် စံနှုန်းသတ်မှတ်ချက်များ၊ စီမံခန့်ခွဲရေးအစီအစဉ်များနှင့် ညီညွတ်မှု ရှိ မရှိ၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်းနှင့် ဂေဟစနစ်ကို ထိခိုက်ပျက်ယွင်းစေနိုင်ခြင်း ရှိ မရှိ၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊

(ဃ) ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကို အဟန့်အတား၊ အနှောင့်အယှက် ဖြစ်နိုင်ခြင်း ရှိ မရှိ၊

(င) ရှေးဟောင်းအဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာနှင့် လွတ်ကင်းခြင်း ရှိ မရှိ၊

(စ) ရှေးဟောင်းအဆောက်အအုံ၏ ထည်ဝါခံ့ညားမှုကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ၊

(ဆ) မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊

(ဇ) ယဉ်ကျေးမှုအမွေအနှစ်များ၏လုံခြုံမှုကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ၊

(ဈ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်း ရှိ မရှိ၊

(ည) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှု ရှိ မရှိ။

၃၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများသည် ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) တို့ပါ ကြိုတင်ခွင့်ပြုချက် လျှောက်ထားသောကိစ္စများအားလုံးနှင့်စပ်လျဉ်း၍ အမွေအနှစ်ထိခိုက်နိုင်မှု ဆန်းစစ်ချက် ဆောင်ရွက်ရန်နှင့် ခွင့်ပြုပြီးကိစ္စများတွင် သတ်မှတ်စည်းကမ်းချက်များ လိုက်နာမှု ရှိ မရှိကို ဦးစီးဌာနကစောင့်ကြည့်၍ ပြန်လည်တင်ပြရန် ညွှန်ကြားရမည်။ လိုက်နာမှုမရှိပါက ခွင့်ပြုမိန့်ကို ပယ်ဖျက်ရမည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၃၁။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသအတွင်းရှိ မြို့ပြနှင့် ကျေးရွာတွင် အောက်ပါကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ -

(က) အဆောက်အအုံ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံမှတစ်ပါး အခြားအဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်ကို ကာရံခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်များကို မထိခိုက်သည့် သာသနိကအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊

(ဃ) လမ်းများတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဆိပ်ခံဘောတံတားများ ပြင်ဆင်ခြင်း၊

(င) ရေတွင်း၊ ရေကန်၊ ရေကူးကန်၊ ရေလှောင်ကန်၊ မွေးမြူရေးကန်များ၊ မွေးမြူရေးခြံများ၊ နှစ်ရှည်ပင် စိုက်ပျိုးခြင်းများ ဆောင်ရွက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊

(စ) လက်မှုလုပ်ငန်းဆိုင်ရာ အလုပ်ရုံများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(ဆ) စီးပွားရေးလုပ်ငန်းဆိုင်ရာ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာများ တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(ဇ) ပြခန်းလုပ်ငန်းဆိုင်ရာအဆောက်အအုံအသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(ဈ) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်း အဆောက်အအုံကို ပြင်ဆင်ခြင်း၊

(ည) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ အခြားစက်တပ်၊ စက်မဲ့ယာဉ် ပျံသန်းခြင်း။

၃၂။ မည်သူမျှ ကြားခံဒေသတွင် အောက်ပါကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ -

(က) လမ်းဖောက်လုပ်ခြင်း၊ ဆိပ်ခံဇာတံတား၊ ယာဉ်ရပ်နားစခန်း၊ ရထားလမ်း၊ ရထားဘူတာရုံ၊ အားကစားရုံ၊ အားကစားကွင်းများ၊ အဆောက်အအုံနှင့် တံတားများအသစ်တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(ခ) ဆက်သွယ်ရေးတာဝါတိုင်များ၊ မြေအောက်လုပ်ငန်းများ၊ မြေအောက် ဓာတ်အားကြိုးများ၊ လျှပ်စစ်မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်တိုင်များ၊ ဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်စိုက်ထူခြင်း၊

(ဂ) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ မောင်းသူမဲ့ လေယာဉ် ဖြတ်သန်းပျံသန်းခြင်း လုပ်ငန်းဆောင်ရွက်ခြင်း၊

(ဃ) ဇာတ်ရုံကဲ့သို့သောဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများ၊ တည်းခိုရေးအဆောက်အအုံများ၊ နားနေစခန်းများ၊ မြင်းစီးစခန်း ပြိုင်ကွင်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း။

၃၃။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မပြုလုပ်ရ -

(က) ရှေးဟောင်းအဆောက်အအုံ၏ မူလရှေးဟောင်း ပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

(ခ) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဂ) ပြတိုက်များတည်ဆောက်ခြင်း၊ ဖွင့်လှစ်ခြင်း၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းရပ်များအတွက် မဖြစ်မနေလိုအပ်သော အဆောက်အအုံ၊ လူအများသုံးအခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း။

၃၄။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ဤဥပဒေအရထုတ်ပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါပြုလုပ်မှု တစ်ခုခုမပြုလုပ်ရ -

(က) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလုပ်ငန်းအဆောက်အအုံကို ပြင်ဆင်ခြင်း၊

(ခ) လယ်မြေ၊ ယာမြေများပေါ်တွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်မြင်ကွင်းကို ထိခိုက်စေသော နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(ဂ) မူလမြေမျက်နှာသွင်ပြင်ကို ပျက်စီးစေနိုင်သည့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း -

(၁) ရွှံ့ကျင်ခြင်း၊ သဲထုတ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အုတ်ဖုတ်ခြင်း၊ အမှိုက်များစုပုံစွန့်ပစ်ခြင်း၊ ရေဆိုးထုတ်ခြင်း၊

(၂) သဘာဝကုန်းကမူများနှင့် တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ မြေညှိခြင်း၊ မြေတူးခြင်းနှင့် ရေစီးရေလာပိတ်ဆို့ တားဆီးခြင်း၊

(၃) ကန်၊ ချောင်း၊ ဆည်မြောင်း၊ တာတမံ၊ လျှို၊ ချိုင့်များ မြေဖို့ခြင်း။

(ဃ) လက်ရှိပေါက်ရောက်နေသည့် ဒေသမျိုးရင်း သဘာဝသစ်ပင်များကို ခုတ်ထွင်ခြင်း၊ ခင်တန်းများကို ဖျက်ဆီးခြင်း၊ ဒေသမျိုးရင်းမဟုတ်သော မျိုးစိတ်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(င) ရှေးဟောင်းအဆောက်အအုံများနှင့် ပရဝဏ်များအတွင်း တိရစ္ဆာန်များ လွှတ်ကျောင်းခြင်း၊

(စ) ဝင်းခြံတစ်ခုခုအတွင်း ကျရောက်နေသည့် ရှေးဟောင်းအဆောက်အအုံများ၊ နေရာများ၏ မြင်ကွင်းကို တမင်ဖုံးကွယ်ခြင်း၊ အလွယ်တကူဝင်ရောက်သွားလာ ကြည့်ရှုမရအောင် ပိတ်ဆို့တားဆီးခြင်း၊ ခြံခတ်ကာရံခြင်း။

၃၅။ မည်သူမျှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကို ဖြစ်စေ၊ မူလရှေးဟောင်းအမည်ကိုဖြစ်စေ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း။

၃၆။ မည်သူမျှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ သတ်မှတ်သည့် နယ်နိမိတ်တွင် ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေရန် ဆောင်ရွက်ခြင်း မပြုရ။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ပုဒ်မ ၃၁ သို့မဟုတ် ပုဒ်မ ၃၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၂ သို့မဟုတ် ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။

၃၉။ မည်သူမဆို ပုဒ်မ ၃၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် ထိုသူကို အောက်ပါအမိန့်တစ်ခုခုကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေဖြင့် သတ်မှတ်ထားသည့်ကာလအတွင်း ဆောင်ရွက်ရန် အမိန့်ချမှတ်ရမည် -

(က) တည်ဆောက်ထားသည့်အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည်ပြင်ဆင်စေခြင်း၊

(ဂ) ပုံသဏ္ဍာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဍာန်အတိုင်း ပြန်လည်ပြင်ဆင်စေခြင်း၊

(ဃ) သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း။

၄၂။ မည်သူမဆို ပုဒ်မ ၄၁ အရ ချမှတ်သည့်အမိန့်ကို သတ်မှတ်ကာလအတွင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ပြီး သတ်မှတ်ကာလအတွင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ထိုသူကို ပျက်ကွက်သည့် နေ့ရက် အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်း ပေးဆောင်စေရမည်။

## အခန်း (၁၂)

## ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၄၃။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက် အရ ရန်ပုံငွေတစ်ရပ်ကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည် -

(က) ပြည်တွင်း၊ ပြည်ပ အစိုးရ၊ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်းငွေများ၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ကောက်ခံသည့် အခကြေးငွေနှင့် ဝင်ကြေးများအပေါ် ရာခိုင်နှုန်းအချိုးအစား သတ်မှတ်ချက်အရ ရရှိသည့် ငွေကြေးများ၊

(ဂ) ထိန်းသိမ်းရေးကော်မတီများက ကောက်ခံရရှိသည့် ဒဏ်ကြေးငွေများ၊

(ဃ) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားငွေများ။

၄၄။ ဝန်ကြီးဌာနသည် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သူများပါဝင်သည့် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၄၅။ ပုဒ်မ ၄၄ အရ ဖွဲ့စည်းသည့် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် -

(က) ရန်ပုံငွေမှ သင့်လျော်သည့်ထောက်ပံ့ငွေများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများသို့ ခွဲဝေပေးနိုင်သည်။

(ခ) ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် သုံးစွဲခြင်းတို့ပြုရမည်။

(ဂ) မိမိ၏ရငွေသုံးငွေများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရမည်။

(ဃ) နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အရအသုံးငွေစာရင်း ရှင်းတမ်းများပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

## အခန်း (၁၃)

## အထွေထွေ

၄၆။ နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ခြင်းနှင့်စပ်လျဉ်း၍ -

(က) ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ဆောင်ရွက်ခြင်းကို တားမြစ်သည်။

(ခ) ပုဒ်မခွဲ (က) ပါ ယဉ်ကျေးမှုအမွေအနှစ်ဒေသများမှတစ်ပါး အခြားယဉ်ကျေးမှုအမွေအနှစ်ဒေသ များတွင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ရာတွင် ထိခိုက်ပျက်စီးနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း နိုင်ငံတကာလုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ ပြောင်းရွှေ့အစားထိုး ထိန်းသိမ်း၍ ဆောင်ရွက်ရမည်။

၄၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများသည် အောက်ပါကိစ္စရပ်များအတွက် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည် -

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် အခကြေးငွေကောက်ခံခြင်းနှင့် ဝင်ကြေးသတ်မှတ်ကောက်ခံခြင်း၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေသည့် ဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးအတွက် ဒဏ်ကြေးငွေ သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း။

၄၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီသည် ကြိုတင်ခွင့်ပြုချက်ပါ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးစည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင်လည်းကောင်း၊ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများက ထုတ်ပြန်သော စည်းကမ်းချက်၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း ထိုသူကို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးပြီးစည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊ ခံဝန်ချက်ရေးထိုးစေခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေပေးဆောင်စေပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊

(ဂ) ကြိုတင်ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း။

၄၉။ (က) ပုဒ်မ ၄၈ အရ ချမှတ်သော အမိန့်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ထိုအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်ရောက်ခွင့်ရှိသည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး ယင်းအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၅၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားအဆင့် ကော်မတီဝင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီဝင်နှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ဝန်ကြီးဌာနက ကျခံရမည်။

၅၁။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၂။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းရှိ မြို့ပြနှင့် ကျေးရွာများ၏ လူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို မထိခိုက်စေဘဲ ညှိနှိုင်းသတ်မှတ်ပေးရမည်။

၅၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားအဆင့် ကော်မတီ၊ ဝန်ကြီးဌာန၊ ဦးစီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၄။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၉/၁၉၉၈) အရ သတ်မှတ်ထားသည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်နှင့် ရှေးဟောင်းနေရာဇုန်တို့ကို ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသဟုလည်းကောင်း၊ ကာကွယ်ထိန်းသိမ်းထားသော ဇုန်ကို ကြားခံဒေသဟုလည်းကောင်း မှတ်ယူရမည်။

၅၅။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၉/၁၉၉၈) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၆။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၉/၁၉၉၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်)

**ငါးမွေးမြူရေးဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ငါးမွေးမြူရေးဆိုင်ရာဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ငါးမွေးမြူရေးဆိုင်ရာဥပဒေ (မူကြမ်း)

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)

၁၃၈၀ ပြည့်နှစ်၊ လ ရက်
(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ငါးမွေးမြူရေးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ငါး**ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့်အပင်များနှင့် ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်းပါဝင်သည်။

(ခ) **ငါးလုပ်ငန်း**ဆိုသည်မှာ ငါးနှင့်ပတ်သက်သောလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ သားဖောက်ခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းစသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဂ) **ငါးမွေးမြူခြင်း**ဆိုသည်မှာ သဘာဝရေထုအတွင်းတွင်ဖြစ်စေ၊ ပြုပြင်ဖန်တီးထားသည့် ရေထုအတွင်းတွင်ဖြစ်စေ မွေးမြူခြင်းနည်းစနစ်အမျိုးမျိုးဖြင့် ငါးမျိုးပွားများစေခြင်း၊ ငါးသားပေါက် စုဆောင်းခြင်း၊ ငါးများကို အဆင့်ဆင့်ကြီးပြင်းအောင် မွေးမြူထုတ်လုပ်ခြင်းကို ဆိုသည်။

(ဃ) **ငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ ရေအစဉ်အမြဲတည်ရှိသည်ဖြစ်စေ၊ ရေယာယီတည်ရှိသည်ဖြစ်စေ ငါးများနေထိုင်ကျက်စားပေါက်ဖွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်သမုဒ္ဒရာနှင့် လိပ်များဥချသည့် သဲသောင်များလည်းပါဝင်သည်။

(င) **ငါးမွေးမြူရေးရေပြင်**ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်အတွင်း ဤဥပဒေအရ သတ်မှတ်ထားသော ငါးမွေးမြူခြင်းလုပ်ငန်းတစ်ခုခုဆောင်ရွက်နေသည့် ရေပြင် သို့မဟုတ် သီးသန့်ငါးမွေးမြူရေး ရေပြင် သို့မဟုတ် အငှားချထားသည့် ငါးမွေးမြူရေးရေပြင်ကို ဆိုသည်။

(စ) **သီးသန့်ငါးမွေးမြူရေးရေပြင်**ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်အတွင်း ငါးမျိုးစိုက်ထည့်၍ မွေးမြူထားပြီး ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ဦးစီးဌာနက ငါးမွေးမြူခြင်းလုပ်ငန်းကို စည်းကမ်းချက်များဖြင့် ကန့်သတ်၍ လုပ်ကိုင်ခွင့်ပြုသော ဤဥပဒေအရ သီးခြားသတ်မှတ်ထားသည့် ငါးမွေးမြူရေးရေပြင်ကို ဆိုသည်။

(ဆ) **အငှားချထားသည့်ငါးမွေးမြူရေးရေပြင်**ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များဖြင့် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ဤဥပဒေအရ နယ်နိမိတ်သတ်မှတ်၍ အငှားဂရန်ဖြင့် ချထားသည့် ငါးမွေးမြူရေးရေပြင်ကို ဆိုသည်။

(ဇ) **ငါးမွေးမြူရေးမြေ**ဆိုသည်မှာ ငါးမွေးမြူရေးနည်းစနစ်တစ်မျိုးမျိုးဖြင့် ငါးမွေးမြူရန်အလို့ငှာ မြေအမျိုးအစားအလိုက် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ငါးမွေးမြူရန် ခွင့်ပြုချက်ရရှိထားသည့်မြေတွင် ဤဥပဒေအရ သီးသန့်သတ်မှတ်ထားသည့်မြေကို ဆိုသည်။

(ဈ) **အငှားဂရန်**ဆိုသည်မှာ ဝန်ကြီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ သို့မဟုတ် ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်တွင် ဤဥပဒေနှင့်အညီ ငါးမွေးမြူရန်အငှားဂရန်ချထားခြင်းကို ဆိုသည်။

(ည) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ လိုင်စင်ရယူရန်သတ်မှတ်ထားသော ငါးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် သက်ဆိုင်ရာဦးစီးဌာနမှူးက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဦးစီးဌာန**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(ဍ) **ဦးစီးဌာနမှူး**ဆိုသည်မှာ ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးတို့ကို ဆိုသည်။

(ဎ) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများကိုလည်းကောင်း၊ ဦးစီးဌာနက စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သော ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦးကိုလည်းကောင်း၊ ဝန်ကြီးဌာနက အခါအားလျော်စွာ စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုမှ ပုဂ္ဂိုလ်တစ်ဦးဦးကိုလည်းကောင်း ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရန်၊

(ခ) ငါးသယံဇာတအရင်းအမြစ်များ လျော့နည်းပြုန်းတီးမှုမှ ကာကွယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) ငါးများ၏ ဇီဝဂေဟစနစ်များ ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့စေရန်နှင့် ရေထုညစ်ညမ်းမှုမရှိစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဃ) ငါးလုပ်ငန်းကို စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ပြုရန်နှင့် တရားမဝင်ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို ကာကွယ်တားဆီးအရေးယူနိုင်ရန်၊

(င) ငါးမွေးမြူခြင်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဆိုင်ရာ သုတေသနပြုရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(စ) ငါးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်။

## အခန်း (၃)
## ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်များ

၄။ ဝန်ကြီးဌာနသည် ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ဖော်ပြပါ မြေနှင့်ရေပြင်များကို ဤဥပဒေနှင့်အညီ ငါးမွေးမြူရေးမြေများနှင့် ငါးမွေးမြူရေးရေပြင်များအဖြစ် စီမံခန့်ခွဲနိုင်သည်-

(က) ပုဒ်မ ၅ အရ ဦးစီးဌာနက သီးသန့်စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်၊

(ခ) သီးသန့်ငါးမွေးမြူရေးရေပြင်၊

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုပိုင် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်၊ ပုဂ္ဂိုလ်တစ်ဦးဦးပိုင်သော ပုဂ္ဂလိက ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်။

၅။ ဝန်ကြီးဌာနသည် အောက်ဖော်ပြပါမြေနှင့် ရေပြင်များကို ဦးစီးဌာနက သီးသန့်စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်များအဖြစ် သတ်မှတ်နိုင်သည် -

(က) ဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိပြီး ငါးမွေးမြူနိုင်သည့် မြေနှင့် ရေပြင်များ၊

(ခ) ဦးစီးဌာနပိုင်အဖြစ် အမည်ပေါက်လျက်ရှိသည့် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်၊

(ဂ) ဝန်ကြီးဌာနက စီမံခန့်ခွဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းမရှိသည့်အပြင် ပုဂ္ဂိုလ်တစ်ဦးဦးအားအငှားဂရန် သို့မဟုတ် အငှားချထားပေးခြင်းမရှိသေးသည့် မြေနှင့် ရေပြင်များ၊ ပုဂ္ဂလိကပိုင်မြေအဖြစ် မြေပိုင်ဆိုင်ခွင့်ပေးခြင်းမရှိသေးသည့် မြေနှင့် ရေပြင်များ။

## အခန်း (၄)
## ငါးသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ငါးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး

၆။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန်အလို့ငှာ -

(က) ငါးမွေးမြူခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတအရင်းအမြစ်များနှင့် ဇီဝဂေဟစနစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှုကို လေ့လာဆန်းစစ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

(ခ) ငါးမွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေထုညစ်ညမ်းမှုမရှိစေရေးနှင့် သန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေးတို့အတွက် လိုအပ်သောအစီအစဉ်များချမှတ်ဆောင်ရွက်ခြင်းနှင့် လိုအပ်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းပြုရမည်။

(ဂ) ငါးမွေးမြူခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် ချမှတ်ထားသော မူဝါဒများနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၇။ ဦးစီးဌာနသည် -

(က) ငါးမွေးမြူခြင်းလုပ်ငန်းကို အထောက်အကူဖြစ်စေသည့် ငါးသယံဇာတအရင်းအမြစ်များ၊ ငါးမျိုးနေရင်းဒေသများ၊ ရေတွင်ပေါက်ပွားသောအပင်များ၊ ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များ၊ ငါးမျိုးပေါက်ဖွားရာနေရာများ၊ သန္တာကျောက်တန်းများ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယင်းတို့၏ ဇီဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ငါးမွေးမြူရေးဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့်ညှိနှိုင်းပြီး လိုအပ်သောအစီအစဉ်များချမှတ်ဆောင်ရွက်ရမည်။

(ခ) ဝန်ကြီးဌာနက စီမံခန့်ခွဲသည့် ငါးမွေးမြူရေးရေပြင်များနှင့် ငါးမွေးကန်များတွင် အရည်အသွေးကောင်းမွန်သောရေနှင့် ပတ်ဝန်းကျင်တည်ရှိရန်စီမံဆောင်ရွက်ရမည်။

(ဂ) ငါးမွေးမြူရေးရေပြင်များနှင့် ငါးမွေးကန်များတွင် ငါးရောဂါများဝင်ရောက်မှုမရှိစေရန် ကြိုတင်ကာကွယ်သည့်အစီအမံများနှင့် ငါးရောဂါထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ရမည်။

(ဃ) ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတအရင်းအမြစ်များနှင့် ဇီဝဂေဟစနစ်များထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် သုတေသနပြုလုပ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ ငါးသယံဇာတအရင်းအမြစ် ရှာဖွေမှတ်တမ်းတင်ခြင်း၊ သင်တန်းများပို့ချခြင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကဆွေးနွေးမှု ထူထောင်ခြင်းတို့ကို ပြုလုပ်ရမည်။

(င) သုတေသနတွေ့ရှိချက်များကို ငါးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များ၊ ငါးလုပ်ငန်းရှင်များနှင့် အများပြည်သူသို့ သင့်လျော်ရာနည်းဖြင့် ဖြန့်ဖြူး၍ အသိပညာပေးခြင်းများ ဆောင်ရွက်ရမည်။

(စ) ငါးမျိုးများ၊ ငါးဇီဝမျိုးစုံမျိုးကွဲနှင့် မျိုးစေ့များ၊ ငါးသားပေါက်များပြန့်ပွားစေရန် ငါးပေါက်ဖွားရာနေရာများ၊ ငါးသယံဇာတအရင်းအမြစ်များ၊ ငါးမျိုးနေရင်းဒေသများ၊ ယင်းတို့၏ဇီဝဂေဟစနစ်များ၊ ပင်လယ်မြက်ခင်းများနှင့် သန္တာကျောက်တန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

(ဆ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ အခြားကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၈။ ဦးစီးဌာနသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသောတာဝန်များကို ဦးစီးဌာနမှ ပြန်တမ်းဝင်အရာရှိအဆင့်အောက်မနိမ့်သော အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၅)
## အငှားဂရန်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၉။ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဝန်ကြီးဌာနက စီမံခန့်ခွဲနိုင်ခွင့်ရှိသော ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်များတွင် ငါးမွေးမြူလိုသူသည် အငှားဂရန်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၀။ ဦးစီးဌာနသည် ပုဒ်မ ၉ အရ အငှားဂရန်လျှောက်ထားချက်ကို စိစစ်ပြီး ဝန်ကြီးဌာနက စီမံခန့်ခွဲနိုင်ခွင့်ရှိသော ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်တွင် ငါးမွေးမြူရန်လျှောက်ထားသူအား တစ်ကြိမ်လျှင် နှစ် ၅၀ ထက်မပိုသောကာလအတွက် စည်းကမ်းချက်များသတ်မှတ်၍ အငှားဂရန်ချပေးနိုင်သည်။

၁၁။ ပုဒ်မ ၁၀ အရ အငှားဂရန်ရရှိသူသည် -

(က) ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်ဧရိယာ၏ ၅၀ ရာခိုင်နှုန်းတွင် အငှားဂရန်ရရှိသည့် နေ့ရက်မှ သုံးနှစ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရမည်ဖြစ်ပြီး သက်တမ်းငါးနှစ်ကြာမြင့်သည့်အခါ ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်ဧရိယာအားလုံးတွင် ငါးမွေးမြူခြင်းလုပ်ငန်းကို လုပ်ကိုင်ရမည်။

(ခ) အငှားဂရန်ရရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်ဧရိယာ၏ အနည်းဆုံး ၇၅ ရာခိုင်နှုန်းကို ပုဒ်မခွဲ (က) အရ သတ်မှတ်သည့်ကာလအတွင်း ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်ဧရိယာအဖြစ် တူးဖော်လုပ်ကိုင်ရမည်။

(ဂ) ငါးမွေးမြူခြင်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအစီရင်ခံစာ၊ ဦးစီးဌာနက တောင်းခံသောစာရင်းဇယားနှင့် အချက်အလက်များကို တင်ပြရမည်။

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) အထိပါ အချက်များအပြင် ဦးစီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၁၂။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက အငှားဂရန်ပျက်ပြယ်စေရမည့်အပြင် အငှားဂရန်ရရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်ဧရိယာသည် ဦးစီးဌာန၏လက်ဝယ်သို့ ပြန်လည်ရောက်ရှိသည်ဟု မှတ်ယူရမည်။ ထို့ပြင် အငှားဂရန်ရရှိသူသည် အငှားဂရန်ရရှိသည့် ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်ဧရိယာပေါ်တွင် ကုန်ကျခဲ့သည့်စရိတ်များကို ဦးစီးဌာနသို့ ပြန်လည်တောင်းခံခွင့် မရှိစေရ။

၁၃။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုနှင့်သက်ဆိုင်သည့်မြေတွင် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ရေးအတွက် ယင်းဌာန၊ အဖွဲ့အစည်း၏ သဘောတူညီချက်ရရှိထားသူ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အငှားဂရန်ရရှိထားသူ သို့မဟုတ် ပုဂ္ဂလိကပိုင်မြေအဖြစ် မြေပိုင်ဆိုင်ခွင့်ရရှိထားသူသည် ဦးစီးဌာနသို့ အငှားဂရန်လျှောက်ထားရန်မလိုအပ်သော်လည်း ငါးမွေးမြူခြင်းလုပ်ငန်းအတွက် ဤဥပဒေအရ လိုင်စင်လျှောက်ထားရယူရမည်။

## အခန်း (၆)
## လိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၁၄။ ပုဒ်မ ၁၀ ပါ အငှားဂရန်ရရှိသူကဖြစ်စေ၊ ပုဒ်မ ၁၃ ပါ အငှားဂရန်လျှောက်ထားရန်မလိုအပ်သူကဖြစ်စေ အောက်ပါငါးမွေးမြူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုလျှင် လိုင်စင်ရရှိရန် သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် -

(က) ဝန်ကြီးဌာနက ပုဒ်မ ၄ အရ စီမံခန့်ခွဲနိုင်ခွင့်ရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်တွင် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ခြင်း၊

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လက်ဝယ်ထားသည့်မြေနှင့် ရေပြင်တွင် ယင်းအစိုးရဌာန၊ အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ငါးမွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း၊

(ဂ) လယ်ယာမြေတွင် လယ်ယာမြေဥပဒေနှင့်အညီ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုချက်အရ ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်လိုခြင်း၊

(ဃ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့်အညီ ဗဟိုကော်မတီက ခွင့်ပြုချက်အရ ငါးမွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်လိုခြင်း၊

(င) စီးပွားဖြစ်ငါးမွေးမြူခြင်း၊ ငါးသားဖောက်ခြင်း၊ သဘာဝရေပြင်မှ ငါးသားပေါက် စုဆောင်းခြင်း၊ ရောင်းချခြင်း၊ သားပေါက်နှင့် မျိုးငါးများ ပြုစုခြင်းလုပ်ငန်း၊

(စ) စီးပွားဖြစ်အလှမွေးငါး မွေးမြူရေး၊ သားဖောက်ရေး၊ ရောင်းချရေး၊ စုဆောင်းရေးလုပ်ငန်းနှင့် မျိုးငါး စုဆောင်းရေးလုပ်ငန်း၊

(ဆ) လိုင်စင်ရယူရန် ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသော အခြားငါးမွေးမြူခြင်း လုပ်ငန်းများ။

၁၅။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် -

(က) ပုဒ်မ ၁၄ အရ လိုင်စင်လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ခပေးသွင်းစေပြီး လိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးနိုင်သည်။

၁၆။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ငါးမွေးမြူခြင်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအစီရင်ခံစာနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တောင်းခံသော စာရင်းဇယား၊ အချက်အလက်များကို တင်ပြရမည်။

(ဂ) အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်မှုမရှိခြင်း သို့မဟုတ် အခြားသူ တစ်ဦးကို လွှဲပြောင်းလိုပါက သတ်မှတ်ချက်များနှင့်အညီ စာဖြင့် ဦးစီးဌာနမှူးထံသို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

(ဃ) လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ငါးမွေးမြူခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား၍ လိုင်စင်သက်တမ်း တိုးမြှင့်ပြီးမှ လုပ်ငန်းဆက်လက်ဆောင်ရွက်ရမည်။

## အခန်း (၇)
## အခကြေးငွေ ပေးဆောင်ခြင်း

၁၇။ ဦးစီးဌာနသည် အငှားဂရန်ကြေး၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးစသည့် အခကြေးငွေများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

၁၈။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၇ အရ သတ်မှတ်ထားသော လိုင်စင်နှင့်စပ်လျဉ်း၍ စည်းကြပ်ကောက်ခံ သည့်အခကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့လည်းကောင်း၊ အငှားဂရန် ရရှိသူသည် သတ်မှတ်ထားသော အငှားဂရန်ကြေးနှင့်စပ်လျဉ်းသည့် အခကြေးငွေကို ဦးစီးဌာနသို့ လည်းကောင်း ပေးဆောင်ရမည်။

၁၉။ သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် လိုင်စင်နှင့်စပ်လျဉ်း၍ စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေအရအသုံးငွေစာရင်းသို့လည်းကောင်း၊ ဦးစီးဌာနသည် အငှားဂရန်နှင့်စပ်လျဉ်း၍ စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်းသို့လည်းကောင်း ပေးသွင်းရမည်။

၂၀။ အငှားဂရန်နှင့် လိုင်စင်ဆိုင်ရာ အခကြေးငွေပေးဆောင်ရန် ပြဋ္ဌာန်းချက်သည် ဦးစီးဌာနက ဆောင်ရွက်သော ငါးမွေးမြူခြင်းလုပ်ငန်းများ၊ ငါးသားဖောက်ခြင်းလုပ်ငန်းများ၊ ငါးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်း သို့မဟုတ် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မသက်ဆိုင်စေရ။

## အခန်း (၈)
## စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၂၁။ ဦးစီးဌာနသည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ အရေးယူခြင်းပြုရန် စစ်ဆေးရေးမှူးများကို တာဝန်ပေးအပ် ရမည်။

(ခ) စွန့်ပစ်ရေဆိုးများ၊ ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ ရေထုညစ်ညမ်းစေသောအရာများ ဝင်ရောက်မှုနှင့် စွန့်ထုတ်မှုတို့မရှိစေရေးအတွက် စစ်ဆေးရေးမှူးများကို တာဝန်ပေးအပ်ရမည်။

၂၂။ စစ်ဆေးရေးမှူးများသည် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည် -

(က) မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ ဖြစ်စေ ငါးလုပ်ငန်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးခြင်း၊

(ခ) ငါးလုပ်ငန်းဆိုင်ရာ နေရာနှင့် အဆောက်အအုံများအတွင်းသို့ သတ်မှတ်ချက်နှင့်အညီ ဝင်ရောက် စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သူများအား ဖမ်းဆီးခြင်းနှင့် အရေးယူခြင်း၊

(ဂ) ပုဂ္ဂလိက ငါးမွေးမြူရေးရေပြင်များနှင့် ငါးမွေးကန်များတွင် စွန့်ပစ်ရေဆိုးများ၊ ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ ရေထုညစ်ညမ်းစေသောအရာများ ဝင်ရောက်မှုနှင့် စွန့်ထုတ်မှုတို့ မရှိစေရေး အတွက် ဆောင်ရွက်စေခြင်းနှင့် စစ်ဆေးခြင်း၊

(ဃ) ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သတ်မှတ်ပုံစံဖြင့် သိမ်းဆည်းခြင်း၊

(င) သိမ်းဆည်းရမိသော ပုပ်သိုးပျက်စီးလွယ်သည့် ငါးနှင့် ပိုင်ရှင်မဲ့သိမ်းဆည်းရမိသော အခြားပစ္စည်း များအား တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းမပြုဘဲ ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုချက် ရယူ၍ ထုခွဲရောင်းချပြီး ရရှိသောငွေများကို ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် သက်ဆိုင်ရာငွေစာရင်းသို့ ပေးသွင်း၍ သတ်မှတ်ထားသည့်ဘဏ်သို့ အပ်နှံခြင်း၊

(စ) အမိန့်ကြော်ငြာစာထုတ်ပြန်၍ တားမြစ်ထားသော ငါးများကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် သုတေသန ပြုလုပ်ရန်နှင့် အများပြည်သူအား အသိပေးပြသရန်မှတစ်ပါး ငါးသားဖောက်ခြင်း၊ ငါးမွေးမြူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် သိုလှောင်ခြင်းမပြုရန် တားမြစ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဆ) ဦးစီးဌာနက အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၂၃။ လိုင်စင် သို့မဟုတ် အငှားဂရန်ရရှိသူက လိုင်စင် သို့မဟုတ် အငှားဂရန်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ လိုင်စင် သို့မဟုတ် အငှားဂရန်ကို မမှန်မကန်လိမ်လည် လျှောက်ထားလျှင်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) စာဖြင့်သတိပေးပြီး သတ်မှတ်သည့်ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၄။ (က) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ယာယီ ရပ်ဆိုင်းကြောင်း အမိန့်ချမှတ်ထားသည့်ကာလအတွင်းဖြစ်စေ၊ ပယ်ဖျက်ကြောင်းအမိန့် ချမှတ်ထားလျှင်ဖြစ်စေ လုပ်ငန်းလုပ်ကိုင်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရပ်ဆိုင်းထားရမည့်လုပ်ငန်းကို ရပ်ဆိုင်းခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်ပါက အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ လုပ်ကိုင်သည်ဟု မှတ်ယူခြင်းခံရမည်။

## အခန်း (၁၀)
## အယူခံခြင်း

၂၅။ (က) ဤဥပဒေအရ ချမှတ်သည့် သက်ဆိုင်ရာဦးစီးဌာနမှူး၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကိုစိစစ်ပြီး သက်ဆိုင်ရာဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် သင့်လျော်သောအမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းပြုနိုင်သည်။

၂၆။ (က) ပုဒ်မ ၂၃ အရ ချမှတ်သည့် ဦးစီးဌာန၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုလည်းကောင်း၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ခ) အရ အယူခံမှုတွင် ချမှတ်သည့် ဦးစီးဌာန၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုလည်းကောင်း မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကိုစိစစ်ပြီး ဦးစီးဌာနက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် သင့်လျော်သောအမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၂၇။ ဤအခန်းပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ အယူခံရာတွင် ဒဏ်ကြေးငွေပေးဆောင်စေရန် ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံခြင်းဖြစ်ပါက ထိုငွေကို သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းပြီးမှသာ အယူခံခွင့်ရှိသည်။ အယူခံရာတွင် အနိုင်ရရှိပါက လျှောက်ထားသူပေးသွင်းထားသောဒဏ်ကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၁၁)
## အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်ပြယ်ခြင်းနှင့် ပျက်စီးပျောက်ဆုံးခြင်း

၂၈။ (က) အငှားဂရန် သို့မဟုတ် လိုင်စင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ပျက်ပြယ်သည် -

(၁) သက်တမ်းကုန်ဆုံးခြင်း၊

(၂) ပယ်ဖျက်ခံရခြင်း၊

(၃) လုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ ပြန်လည်အပ်နှံခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ပျက်ပြယ်သောနေ့ရက်မှ ၁၅ ရက်အတွင်း အဆိုပါ အငှားဂရန် သို့မဟုတ် လိုင်စင်ကို ထုတ်ပေးသည့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ပြန်လည်အပ်နှံခြင်းမပြုဘဲ ဆက်လက်လုပ်ကိုင်ပါက အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သူအဖြစ် အရေးယူခြင်းခံရမည်။

၂၉။ (က) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်မူရင်းမှာ ပျက်စီးပျောက်ဆုံးသဖြင့် မိတ္တူထုတ်ပေးထားပြီးဖြစ်ပါက ထိုပျက်စီးပျောက်ဆုံးသွားသည်ဟုဆိုသော မူရင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆက်လက်သုံးစွဲခြင်းမပြုရ။

(ခ) ပုဒ်မခွဲ (က) အရ ပျက်စီးပျောက်ဆုံးသွားသည်ဟုဆိုသော မူရင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆက်လက်သုံးစွဲပါက အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သူအဖြစ် အရေးယူခြင်းခံရမည်။

၃၀။ အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် ၎င်း၏အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီးပျောက်ဆုံးပါက ပျက်စီးပျောက်ဆုံးသည့်နေ့မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူထုတ်ပေးရန် ခိုင်လုံသော အထောက်အထားဖြင့် ပြန်လည်လျှောက်ထားရမည်။ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနက မိတ္တူထုတ်ပေးသည့်အခါ သတ်မှတ်ထားသည့် ဒဏ်ကြေးကို ပေးဆောင်ရမည်။

## အခန်း (၁၂)
## တားမြစ်ချက်များ

၃၁။ မည်သူမျှ ပုဒ်မ ၃၈ အရ ကင်းလွတ်ခွင့်ပြုထားသည့်မိသားစု တစ်အိမ်ထောင်စားသုံးရန် ငါးမွေးမြူခြင်းမှ တစ်ပါး ပုဒ်မ ၁၄ ပါ လိုင်စင်ရယူရန်သတ်မှတ်သော ငါးမွေးမြူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်း မပြုရ။

၃၂။ (က) မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အငှားဂရန် သို့မဟုတ် လိုင်စင်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းခြင်း မပြုရ။

(ခ) မည်သူမျှ အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူထံမှ အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းလက်ခံ၍ ငါးမွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ။

၃၃။ မည်သူမျှ -

(က) ငါးမွေးမြူရေးရေပြင်တွင် ရေကြောင်းသွားလာမှုနှင့် ရေစီးရေလာများကို အဟန့်အတားဖြစ်စေခြင်း၊ ရေထုညစ်ညမ်းစေခြင်း သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်း မပြုရ။

(ခ) ဦးစီးဌာနက အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်၍ တားမြစ်ထားသော ငါးကိုသားဖောက်ခြင်း၊ မွေးမြူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း မပြုရ။

## အခန်း (၁၃)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၄။ မည်သူမဆို ပုဒ်မ ၃၁ သို့မဟုတ် ၃၂ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးလမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ငွေကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၅။ မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ငွေကျပ်သုံးသိန်းမှ အများဆုံး သိန်းသုံးဆယ်အထိ ငွေဒဏ်ချမှတ်နိုင်သည်။

## အခန်း (၁၄)
## အထွေထွေ

၃၆။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ (ဥပဒေအမှတ်၊ ၂၄/၈၉) အရ ထုတ်ပေးခဲ့သည့် အငှားဂရန် သို့မဟုတ် လိုင်စင်တို့သည် ခွင့်ပြုသက်တမ်းပြည့်သည်အထိ ဆက်လက်လုပ်ကိုင်ခွင့်ရှိပြီး အဆိုပါ ခွင့်ပြုသက်တမ်းကုန်ဆုံးပြီးနောက် ငါးမွေးမြူခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေနှင့်အညီ လိုအပ်သော အငှားဂရန် သို့မဟုတ် လိုင်စင်ကို လျှောက်ထားရမည်။

၃၇။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လက်ဝယ်ထားသည့် သို့မဟုတ် အသုံးပြုသည့် မြေ သို့မဟုတ် ရေပြင်တွင် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက ငါးမွေးမြူခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သည့်ကိစ္စ၌ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

၃၈။ မိသားစုတစ်အိမ်ထောင်စားသုံးရန်အလို့ငှာ ရေပြင်၏အရွယ်အစား ၁၂၅၀ စတုရန်းပေ၊ တစ်ကန် ထက်မပိုသော ငါးမွေးမြူခြင်းကို ဤဥပဒေအရ လိုင်စင်ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

၃၉။ ငါးမွေးမြူခြင်းတွင် အသုံးပြုသည့် ငါးဖမ်းကိရိယာများအတွက် ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းမှ ကင်းလွတ်စေရမည်။

၄၀။ (က) ဦးစီးဌာနက ရရန်ရှိသောအငှားဂရန်ကြေး၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးငွေများနှင့်စပ်လျဉ်းသည့် ကြွေးကျန်များကို ဝင်ငွေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စအလို့ငှာ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးသည် တည်ဆဲဥပဒေများအရ အခွန်အရာရှိ၏လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၄၁။ ဦးစီးဌာနနှင့် စစ်ဆေးရေးမှူးတို့သည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူနိုင်သည်။

၄၂။ ဤဥပဒေပုဒ်မ ၃၅ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၃။ (က) ငါးလုပ်ငန်းများအား စီမံခန့်ခွဲခြင်း၊ ငါးသယံဇာတအရင်းအမြစ်များထိန်းသိမ်းခြင်း၊ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေး ဆောင်ရွက်ခြင်းတို့ကို ဦးစီးဌာနက ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ငါးလုပ်ငန်းဆိုင်ရာသုတေသနနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ရှိသည်။

၄၄။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကို သဘောရိုးဖြင့်ဆောင်ရွက်သော နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးအား တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း သို့မဟုတ် အခြားနည်းဖြင့် အရေးယူခြင်း မပြုရ။

၄၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ တရားရုံးတစ်ရုံးရုံးက ချမှတ်သော အမိန့်သည် ဤဥပဒေကိုကျင့်သုံး၍ ဦးစီးဌာနက စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်အရ ချမှတ်သည့်အမိန့်အပေါ် ထိခိုက်မှုမရှိစေရ။

၄၆။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ (ဥပဒေအမှတ်၊ ၂၄/၈၉) အရ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၄၇။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

၄၈။ ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၂၄/၈၉) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## (၁၇) ရက်မြောက်နေ့မှတ်တမ်း

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**ဆက်သွယ်ရေးသုံးစွဲနေသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက်နေသော ဆက်သွယ်ရေးလိုင်စင် (Service Provider) ရရှိထားသည့် ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေး ဥပဒေ၊ နည်းဥပဒေအရလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရသော် လည်းကောင်း ကြပ်မတ်စစ်ဆေးအရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး (အောင်မြေသာစံမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူများအားလုံး ရွှင်လန်းချမ်းမြေ့ပါစေ။ ကျွန်တော်ကတော့ အောင်မြေသာစံ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point Presentation ဖြင့် တင်ပြခွင့်ပြုပါ။ ကျွန်တော် ဒီနေ့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းမယ့်မေးခွန်း ကတော့ ဆက်သွယ်ရေးသုံးစွဲနေသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက်နေသော ဆက်သွယ်ရေး လိုင်စင်အရ Service Provider ရရှိထားတဲ့ ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း ကြပ်မတ်စိစစ်အရေးယူပေးရန် အစီအစဉ် ရှိ မရှိ ဆိုတဲ့မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ယနေ့ထုတ်လုပ်ပေးထားတဲ့ ဆက်သွယ်ရေးလိုင်စင် Service Provider အမျိုးအစားသုံးမျိုးရှိတယ်လို့ ကျွန်တော်တို့သိရပါတယ်။ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းတွေရှိမယ်။ ဆက်သွယ်ရေးလိုင်းဝန်ဆောင်မှုလုပ်ငန်းတွေရှိမယ်။ တယ်လီဖုန်းလိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတွေ၊ Mobile Telecom တွေပါ။ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ပေါင်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ၁၇၀ လောက် ထုတ်ပေးထားတယ်လို့ သိရှိရပါတယ်။ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း (Internet Service Provider) ဆိုတာကတော့ ခေတ်အဆက်ဆက် Bagan Net ကနေစပြီး Broadband၊ V-Sat၊ IP Star၊ ADSL ကစပြီး ဒီနေ့အချိန်မှာ Myanmar Net၊ Ananda အထိ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းတွေပါ။ ဒီလုပ်ငန်းတွေမှာ ဝန်ဆောင်မှု လုပ်ငန်းကြေညာတုန်းကတစ်မျိုး၊ ပြီးတော့တစ်မျိုးဖြစ်ခဲ့ကြလို့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကျောင်းသား ကျောင်းသူတွေ၊ အင်တာနက်အသုံးပြုခဲ့ကြတဲ့သူတွေ ဘယ်လောက်အထိ ခံစားခဲ့ကြမလဲဆိုတာ အားလုံး အသိပါပဲ။ ယနေ့အချိန်အထိ အကာအကွယ်မရသေးပါဘူး။ ဆက်သွယ်ရေးလိုင်း အသုံးပြုဝန်ဆောင်မှု လုပ်ငန်းတွေ (Connection Service Provider) ပါ။ ဒါတွေကတော့ ဘဏ်နှင့် ငွေကြေးလုပ်ငန်းတွေ၊ e-Commerce တွေ၊ လက်လီအရောင်းဆိုင်တွေ အများစုအသုံးပြုနေခြင်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက ဆိုရင် အင်တာနက်ဝန်ဆောင်မှုက Telenor Broadband ဝန်ဆောင်မှုလုပ်ငန်းမှာ ပြဿနာတွေပေါ်တယ်။ အခုအင်တာနက်လိုင်း Connection Service Provider သုံးတဲ့ Red dot ဝန်ဆောင်မှုလုပ်ငန်း ပြီးခဲ့တဲ့ ရက်ပိုင်းက ပြဿနာပေါ်တယ်။ ယနေ့အချိန်အထိ ဖြေရှင်းပေးနိုင်ခြင်းမရှိသေးပါဘူး။ ဒီအထဲမှာ တယ်လီဖုန်းဝန်ဆောင်မှု၊ Mobile Telephone ဝန်ဆောင်မှု၊ Telecom Service Provider လေးခုရှိပါတယ်။ MPT ရှိမယ်။ telenor ရှိမယ်။ ooredoo ရှိမယ်။ mytel ရှိမယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စာရင်း စစ်ချုပ်အစီရင်ခံစာအရ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရဲ့သုံးသပ်အစီရင်ခံစာ အရ နိုင်ငံတစ်ဝန်းလုံးမှာ မရှိမဖြစ်သုံးရတဲ့ လောကနိဗ္ဗာန် အိမ်သုံးလျှပ်စစ်မီတာအခွန်ရငွေစုစုပေါင်းက ဘီလီယံ ၅၂၀ ရတယ်လို့ဆိုပါတယ်။ ဒီထဲကမှ နိုင်ငံတစ်ဝန်းလုံးအတွက် တယ်လီဖုန်းပြောဆိုမှုအတွက် အသုံးပြုတဲ့ငွေစုစုပေါင်းက ဘီလီယံ ၂၁၀၀ တောင်ရှိတယ်ဆိုတာ အံ့ဩဖွယ်ရာတွေ့ရှိရပါတယ်။ ကျွန်တော်တို့

နိုင်ငံသူနိုင်ငံသားတွေ ဆက်သွယ်ရေးအတွက် ဘယ်လောက်သုံးနေကြတယ်။ ဒီဆက်သွယ်ရေးကိုအသုံးပြုပြီး ဖွံ့ဖြိုးတိုးတက်မှုတွေ ဘယ်လောက်ဆောင်ရွက်ခဲ့ကြလဲ။ ဝမ်းသာစရာပါ။ ကျေနပ်စရာပါ။ မြန်မာနိုင်ငံ လူဦးရေဟာ ဒီနေ့အချိန်မှာ ၅၄ သန်းနီးပါးရှိနေပါပြီ။ ဒါပေမဲ့ Mobile Telephone အသုံးပြုတဲ့ အရေအတွက်က သန်း ၆၀ နီးပါးရှိနေပါပြီ။ အင်တာနက်အသုံးပြုသူအရေအတွက်က သန်း ၃၀ နီးပါး ရှိနေပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ။ ဒီထဲကမှ ပြီးခဲ့တဲ့လပိုင်းတွေအတွင်းမှာ ပြဿနာတွေ အများကြီးပေါ်ပါတယ်။ လူမှုကွန်ရက်တွေမှာဆိုလို့ရှိရင် တယ်လီဖုန်းတွေက ငွေထည့်လိုက်တယ်။ ခဏလေးနဲ့ကုန်သွားတယ်။ ဘာတွေ ဖြတ်မှန်းမသိဘူး ပြောလာတဲ့အခါမှာ ကျွန်တော်ကိုယ်တိုင် ကျွန်တော့်ရဲ့ဖုန်းကို စစ်ဆေးကြည့်တဲ့အခါမှာ ဒီလိုမျိုး Game Mania၊ Game Haven၊ Application Store ၄၉၉ ကျပ်၊ ၄၅၀ ကျပ်၊ ၃၁၅ ကျပ် နည်းမျိုးစုံနဲ့ စက်တင်ဘာလကတည်းက ကျွန်တော့်ကို ဖြတ်တောက်ထားတာပါ။ ဒီလိုနဲ့ ကျွန်တော်ရဲ့မိသားစုကို ကြည့်လိုက်တော့ ဒီအတိုင်းပဲ ဖြတ်ထားတာ။ ကျွန်တော့်မိတ်ဆွေအပေါင်းအသင်းတွေ ကြည့်လိုက်တော့လည်း ဒီအတိုင်းပဲ ဖြတ်တောက်ထားတယ်။ တစ်နိုင်ငံလုံး ဖြတ်တောက်ထားတဲ့အနေအထားပါ။ ဒါကို ကျွန်တော့် အနေနဲ့ Complain တက်ပါတယ်။ Complain တက်တဲ့အခါကျတော့ ဒါသည် လူကြီးမင်းက မှားယွင်းပြီး နှိပ်ထားလို့၊ မှားယွင်းပြီးနှိပ်ထားလို့၊ ကျွန်တော်တို့မှားယွင်းမနှိပ်ဘူး။ ဒီဝန်ဆောင်မှုကိုလည်း ကျွန်တော်တို့ မယူဘူး။ ဘာဖြစ်လို့ ကျွန်တော်တို့ကို ဖြတ်သလဲ။ ကျွန်တော်တို့ လေးခါ၊ ငါးခါ၊ ခြောက်ခါလောက် Complain တက်မှသာလျှင် ပြန်လည်စစ်ဆေးပေးပါမယ်ဆိုတဲ့အဖြေရတယ်။ ဒီလိုပြီးတဲ့အခါမှာ ကျွန်တော်တို့ ဆီကို မှားယွင်းဖြတ်တောက်မိတဲ့အတွက် ပြန်လည်ထည့်ပေးပါမယ်ဆိုတဲ့ဟာနဲ့ ပြန်ထည့်ပေးတဲ့စာရင်းတွေပါ။ ဒီလိုလူမျိုး ကျွန်တော်တို့နိုင်ငံအတွင်းမှာ ဘယ်လောက်ရှိနေပြီလဲ။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ။ ဒီလိုဖြတ်တောက်မှုဆိုင်ရာမှာ သုံးစွဲသူသန်း ၆၀ ကျော်ရှိတဲ့နေရာမှာ တစ်ပတ်ကို ဝန်ဆောင်မှုတစ်မျိုးအတွက် ဦးရေတစ်သန်းပဲ မှားဖြတ်တယ်ထား။ တစ်ပတ်ကို သန်း ၅၀၀ လောက် နစ်နာပါတယ်။ တစ်လကို နှစ်ဘီလီယံလောက်နစ်နာပါတယ်။ တစ်နှစ်ကို ၂၅ ဘီလီယံလောက် သုံးစွဲသူတွေ နစ်နာပါတယ်။ နိုင်ငံတကာအဆင့် Telecom ကုမ္ပဏီကြီးတွေဖြစ်ပြီးတော့ ဒီလိုမျိုးပညာနှင့် အသိဉာဏ်နည်းပါးတဲ့ ကျွန်တော်တို့နိုင်ငံသူနိုင်ငံသားတွေအပေါ်မှာ ဒီလိုအခွင့်ကောင်းယူပြီး အကျိုးအမြတ် ရယူခြင်းဟာ ဒီကုမ္ပဏီကြီးတွေဟာ ကျင့်ဝတ်နဲ့ကိုက်ညီကြရဲ့လား။ စဉ်းစားစေချင်ပါတယ်။ ရှက်စရာလည်း ကောင်းလှပါတယ်။ နိုင်ငံသူနိုင်ငံသားများအပေါ်မှာ နစ်နာအောင်လုပ်ခြင်းဟာ နိုင်ငံတော်အပေါ်မှာ နစ်နာခြင်းလို့ ကျွန်တော်တို့ခံစားရပါတယ်။ ပြီးရင် နိုင်ငံတော်ရဲ့ဥပဒေအပေါ်မှာ မထီမဲ့မြင်လုပ်တယ်လို့လည်း ခံစားရပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒါဟာကုမ္ပဏီတစ်ခုတည်းတင်မဟုတ်ပါဘူး။ Telecom တစ်ခုတည်းတင်မဟုတ်ပါဘူး။ Telecom တိုင်းမှာ ဖြစ်နေတဲ့ပြဿနာပါ။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဆက်သွယ်ရေးသုံးစွဲနေသူများအပေါ် ဆက်သွယ်ရေးအခွင့်အရေး ချိုးဖောက်နေတဲ့ ဆက်သွယ်ရေးလိုင်စင် (Service Provider) ရရှိထားတဲ့ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း၊ စားသုံးသူအကာအကွယ် ပေးရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း ကြပ်မတ်စစ်ဆေးအရေးယူပေးရန် အစီအစဉ် ရှိ မရှိ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာလှမိုး၏ ဆက်သွယ်ရေးသုံးစွဲသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက် နေသော ဆက်သွယ်ရေးလိုင်စင်ရရှိထားသည့် ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း ကြပ်မတ်စစ်ဆေးအရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် ကျွန်တော် ဦးသာဦးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

ဆက်သွယ်ရေးဝန်ဆောင်မှုပေးတဲ့ ပြည်တွင်း၊ ပြည်ပဆက်သွယ်ရေးအော်ပရေတာများအနေနဲ့ ကောက်ခံမယ့်ဝန်ဆောင်ခနှုန်းထားတွေကို ဆက်သွယ်ရေးဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) အရ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှတစ်ဆင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရယူဆောင်ရွက်လျက်ရှိပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆက်သွယ်ရေးအော်ပရေတာများမှ အဆိုပြုတင်ပြလာသောဝန်ဆောင်ခနှုန်းထားများကို စိစစ်ခွင့်ပြုရာတွင် ပြိုင်ဆိုင်မှုဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ (က) အရ ကောက်ခံမည့်နှုန်းထားများသည် ထိုက်သင့်မျှတခြင်း ရှိ မရှိနှင့် ဈေးကွက်ပြိုင်ဆိုင်မှုကို ထိခိုက်စေခြင်း ရှိ မရှိတို့ကို စိစစ်ပြီးမှသာလျှင် ခွင့်ပြုပေးလျက်ရှိပါတယ်။ အကယ်၍ အဆိုပါခွင့်ပြုချက်ရရှိထားပြီးဖြစ်သော ဝန်ဆောင်ခနှုန်းထားများကို ဆက်သွယ်ရေးအော်ပရေတာများက သုံးစွဲသူများသိရှိအောင် ကြော်ငြာရာတွင် ခွင့်ပြုထားသည့် ဝန်ဆောင်ခနှုန်းထားနှင့် ကိုက်ညီမှုမရှိဘဲ ဆောင်ရွက်နေသည်ကိုတွေ့ရှိပါက သို့မဟုတ် တိုင်ကြားမှုများရှိလာပါက စိစစ်၍ ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၇ နှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က) တို့ဖြင့် အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထို့အပြင် ဆက်သွယ်ရေးအော်ပရေတာများက ၎င်းတို့ ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ သုံးစွဲသူများသို့ အသိပေးကြေညာချက်များအပေါ် သုံးစွဲသူများအနေဖြင့် နားလည်မှုလွဲမှားပြီး ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ဆက်သွယ်ရေးအော်ပရေတာများအား သုံးစွဲသူများကို ရှင်းလင်းလွယ်ကူစွာ သဘောပေါက်နားလည်အောင် အသိပေးကြေညာရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ သုံးစွဲသူပြည်သူများအနေဖြင့်လည်း မိမိအသုံးပြုမည့်အစီအစဉ်များနှင့်စပ်လျဉ်းပြီး လက်ခံရွေးချယ်သုံးစွဲခြင်းမပြုမီ သက်ဆိုင်ရာ အော်ပရေတာများ၏ အသိပေးကြေညာချက်များအပေါ် သေသေချာချာနားလည်သဘောပေါက်သည်အထိ ဖတ်ရှုပြီး ရွေးချယ်အသုံးပြုစေရန် အသိပညာပေးမှုများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဆက်သွယ်ရေးဝန်ဆောင်မှုအသုံးပြုသူများအနေနဲ့ ဆက်သွယ်ရေးအော်ပရေတာများရဲ့ ဝန်ဆောင်မှုအပေါ် ဝန်ခံကတိပြုချက်များနှင့် ကိုက်ညီခြင်းမရှိသည်ကို တွေ့ရှိရပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသို့လည်းကောင်း တိုင်ကြားနိုင်ပါကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ လတ်တလောအားဖြင့်လည်း မြန်နှုန်းမြင့်အင်တာနက်ဝန်ဆောင်မှုများနှင့်စပ်လျဉ်းပြီးတော့ သုံးစွဲသူများက တိုင်ကြားလာမှုများအပေါ်မှာ သုံးစွဲသူပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စားသုံးသူရေးရာဦးစီးဌာနနှင့်ပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ မိုက်ပေးပါ။

**ဒေါက်တာလှမိုး (အောင်မြေသာစံမဲဆန္ဒနယ်)** ။ ။ ကျွန်တော့်အား တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနကဖြေကြားတဲ့အထဲမှာ အဖြေနဲ့ ကျွန်တော်မေးထားတဲ့မေးခွန်းနဲ့ တော်တော်လေးကို တိမ်းစောင်းနေပါတယ်။ ကျွန်တော်တို့လိုချင်တဲ့အဖြေမရှိပါဘူး။ ကျွန်တော်တို့ ဆိုလိုချင်တာက တစ်နိုင်ငံလုံးသုံးနေတဲ့ ဒီနေ့ အင်တာနက်ဝန်ဆောင်မှု၊ ဖုန်းဝန်ဆောင်မှုသုံးနေတဲ့သူတွေဟာ မလျော်မကန်ဖြတ်တောက်ခြင်းခံနေရတယ်။ ခုနကလည်း ကျွန်တော်တင်ပြထားပါတယ်။ စားသုံးသူတွေဘယ်လိုလုပ်နားလည်မလဲ။ ကျွန်တော်တို့နိုင်ငံမှာ ပညာ၊ အသိဉာဏ်နည်းပါးတဲ့သူတွေ ဒီအင်္ဂလိပ်လိုပြောလို့ ကျွန်တော်တို့ဘယ်လိုလုပ်နားလည်မလဲ။ ဒါပေမဲ့ ဝန်ဆောင်မှုကျွန်တော်တို့ကိုယ်တိုင်လည်းမယူပါဘူး။ မယူဘဲနဲ့ဖြတ်တောက်ထားတဲ့ကိစ္စ။ ကျွန်တော်ဆိုရင် ခြောက်မျိုး ၊ ခုနစ်မျိုး အပတ်စဉ်အဖြတ်ခံရတယ်။ မနေ့ကထိကို ဖြတ်တုန်း။ ဖြတ်တိုင်း Complain တက်တုန်း။ Complain တက်ရင်းမှားတယ်ဆိုပြီး ပြန်ပေးရင်း။ ဒါ စနစ်တကျဖြတ်တောက်နေတယ်လို့ ခံစားရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ။ ကျွန်တော်တို့ သန်း ၅၀ သော လူမျိုးမရွေး၊ တိုင်းရင်းသားမရွေး၊ ဘာသာမရွေး၊ အဖွဲ့အစည်းမရွေး ကျောင်းသားလူငယ်ကစပြီး သက်ဆိုင်ပြီးခံစားနေရတဲ့ နစ်နာမှုဖြစ်ပါတယ်။ သုံးစွဲသူများက၊ ကျွန်တော်တို့က ကြိုတင်ငွေထည့်ပေးတာဖြစ်ပါတယ်။ ဒီကြိုတင်ငွေဟာ ကျွန်တော်တို့ပိုက်ဆံဖြစ်ပါတယ်။ သုံးစွဲသူများပိုင်ဆိုင်တဲ့ငွေကြေးဖြစ်ပါတယ်။ ဒီသုံးစွဲတဲ့ငွေကြေးကို ကျွန်တော်တို့ကို အသိမပေးဘဲနဲ့ဖြတ်တောက်ခြင်းသည် အဒိန္နာဒါနကံ ခိုးယူခြင်းမြောက်ပါတယ်။ နောက်တစ်ခါ ဒီလို

ဖြတ်တောက်ခြင်းဟာ ကျွန်တော်တို့မသိဘဲနဲ့၊ ကျွန်တော်တို့က Complain တက်မှ ပြန်ပေးတာဟာ၊ လက်ပူး လက်ကြပ်မိမှပြန်ပေးတာဟာ ခိုးတာဟာခိုးတာပါပဲ။ နောက်တစ်ခါ သုံးစွဲသူများဟာ ကြိုတင်ငွေကို ဒီသက်ဆိုင်ရာ Telecom ကို ယုံကြည်လို့ ဖြည့်ပေးလိုက်တာပါ။ ဒီယုံကြည်လို့ဖြည့်ပေးလိုက်တဲ့ ငွေကြေး။ တစ်နိုင်ငံလုံးခံစားနေရတာသိပါတယ်။ ဒီငွေကြေးကို ကျွန်တော်တို့မသိဘဲနဲ့ ဖြတ်တောက်ခြင်းက အလွဲသုံးစား ပြုမှုမြောက်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆက်သွယ်ရေးဥပဒေရှိပါတယ်။ ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဂ) မှာ ဘာအထင်အရှားဖော်ပြထားလဲဆိုတော့ ဆက်သွယ်ရေးကွန်ရက်တစ်ခုကို အသုံးပြု၍ ငွေကြေးနှင့် ပစ္စည်းတစ်ရပ်ရပ်ကိုခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် အကျိုးပျက်စီးစေခြင်း အားလုံးမြောက်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ငွေတွေပါ။ ကျွန်တော်တို့သုံးစွဲသူ နိုင်ငံသူ နိုင်ငံသားတွေပါပဲ။ ဒါကြောင့်မို့လို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဆက်သွယ်ရေးနဲ့ ပတ်သက်ရင် Regulatory body တစ်ခုအနေနဲ့ဖြစ်ပါတယ်။ Regulatory body ဆိုတာက Telecom တွေ အချင်းချင်းတွင် ထိန်းကျောင်းပေးရတာမဟုတ်ပါဘူး။ Telecom တွေနဲ့ Subscriber အကြားမှာ ထိန်းကျောင်းပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့မေးခွန်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကျွန်တော်တို့ နစ်နာသူ နိုင်ငံသူနိုင်ငံသားများကိုယ်စား မည်သို့တရားစွဲဆောင်ရွက်ပေးမည် ဆိုတာရယ်၊ နောက်တစ်ချက်က နိုင်ငံသူနိုင်ငံသားများအတွက် ဆုံးရှုံးသွားတဲ့ငွေများကို ပညာရေးနှင့် ကျန်းမာရေးအတွက် အသုံးပြုနိုင်ရန်အတွက် မည်သို့မည်ပုံဆောင်ရွက်ပေးမည်ဆိုတာကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးသာဦး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့တာလည်း မှန်ပါတယ်ခင်ဗျ။ တချို့ Service Provider တွေက ကြော်ငြာတာတစ်မျိုး၊ လုပ်တာတစ်မျိုးလည်း တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အရေးယူ ပြီးတော့ ဒဏ်ရိုက်တာတွေ၊ အရေးယူမှုတွေ လုပ်ခဲ့ရပါတယ်။ တချို့ကိစ္စတွေမှာဆိုရင် ဒီလိုမျိုးမှားယွင်း ဖြတ်တောက်တဲ့ကိစ္စတွေ သူတို့စက်ကြောင့်ပဲမှားမှား၊ ဘာကြောင့်ပဲမှားမှား ခံရတာကျွန်တော်တို့ ပြည်သူလူထုပါ။ သုံးစွဲသူတွေက ခံရပါတယ်။ အဲဒီတော့ အဲဒီလိုမျိုးကိစ္စတွေကိုလည်း အချို့ Operator တွေဆို ဘီလီယံနဲ့ချီပြီး လျော်ခဲ့ရဖူးတာလည်း ရှိပါတယ်။ သုံးစွဲသူတစ်ယောက်ချင်းကို ပြန်ပြီးလျော်ပေး ရပါတယ်။ အဲဒီလိုမျိုးလည်းလုပ်ခဲ့ရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ကလည်း သူတို့ ကြော်ငြာတာတွေ၊ သူတို့ Service တွေ ဘယ် Promotion နဲ့ ဘယ်လိုပေးနေတယ်ဆိုတာတွေ စိစစ်နေပါတယ်။ ဒါပေမဲ့ တချို့ကိစ္စကျတော့လည်း ကျွန်တော်တို့ကမသိနိုင်တာလည်း ရှိပါတယ်။ တကယ်ခံစားရတာက သုံးစွဲသူတွေက ခံစားရပါတယ်။ အဲဒီတော့သုံးစွဲသူတွေက သူတို့ကိုလည်း Complain လုပ်တာလည်း လုပ်ပါ။ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကိုလည်း တိုင်ကြား ပေးပါခင်ဗျား။ အဲဒီလိုတိုင်ကြားပေးမယ်ဆိုရင် ကျွန်တော်တို့ တောက်လျှောက်အရေးယူရပါမယ်။ အရေးလည်းယူရပါမယ်။ ဒါပေမဲ့ သူတို့ကလည်း ဥပဒေအရ လုပ်ရမယ်။ Regulator အပိုင်းကလည်း ဥပဒေအရ အရေးယူဆောင်ရွက်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေအရဆိုရင် ဆက်သွယ်ရေးဥပဒေမှာ အဓိကအားဖြင့် သူတို့ကိုအရေးယူနိုင်တာ ဥပဒေအရ သုံးချက်ပဲရှိပါတယ်။ (၁) က သတိပေးမယ်။ တစ်ခုဖောက်တာနဲ့သိတာနဲ့ သတိပေးမယ်။ (၂) အချက်က သူတို့ရဲ့လိုင်စင်ကို သတ်မှတ်ထားတဲ့ အချိန်ကာလ တစ်ခုအထိ ယာယီရပ်ဆိုင်းမယ်။ နောက်တစ်ချက်က လိုင်စင်ကို အပြီးပိတ်သိမ်းမယ်။ အဲဒီလိုမျိုး ဥပဒေမှာ သူတို့ကိုအရေးယူလို့ရတာ အဓိကသုံးချက်ပဲပါပါတယ်။ ပထမတစ်ချက်က Warning ပေးတယ်။ သတိပေးတယ် ဆိုတာကတော့ သူတို့လည်း ဘာမှမမှုလောက်တဲ့ကိစ္စပါ။ ဒုတိယအချက်နှစ်ချက်ဖြစ်တဲ့ လိုင်စင်ကို ယာယီရပ်တယ်။ အပြီးပိတ်သိမ်းတယ်ဆိုတဲ့ကိစ္စက ဥပဒေမှာပါပေမယ့် တကယ်လုပ်လို့မရဘူးခင်ဗျ။ ဘာလို့လဲ ဆိုတော့ ကျွန်တော်တို့ ဥပမာဆိုပါတော့ Operator တစ်ယောက်က တစ်ယောက်၊ တစ်ယောက်ကို အနည်းဆုံး Operator က mytel ဆိုရင် ငါးသန်းလောက်ရှိပါတယ်။ ooredoo ဆို ဆယ်သန်းလောက်ရှိတယ်။ MPT ဆို ၂၁ သန်းလောက်ရှိတယ်။ telenor ဆို ၁၉ သန်းလောက်ရှိတယ်။ သူတို့က တစ်နာရီလေး ၁၀ မိနစ်လောက်

ပိတ်လို့မရဘူးခင်ဗျ။ ပိတ်လိုက်တာနဲ့ သုံးစွဲသူတွေ အားလုံးက ထိခိုက်ပါတယ်။ အဆက်အသွယ်ပြတ်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ နည်းဥပဒေမှာတော့ တစ်မျိုးဖြစ်နေပါတယ်။ နည်းဥပဒေမှာတော့ ဒဏ်ရိုက်လို့ရတယ်ဆိုပြီးထည့်ထားတယ်။ သူတို့ရဲ့ ပြီးခဲ့တဲ့ နှစ်ရဲ့ဝင်ငွေရဲ့ ၅ ရာခိုင်နှုန်းအထိကို ဒဏ်ငွေရိုက်လို့ရပါတယ်ဆိုတာရှိပါတယ်။ နည်းဥပဒေမှာ ဥပဒေနဲ့ ကွဲပြားစွာပြဋ္ဌာန်းထားတာရှိပါတယ်။ ဒါပေမဲ့ သူတို့ပေးတဲ့လိုင်စင်မှာလည်း အဲဒီလိုမျိုး ၅ ရာခိုင်နှုန်း ဒဏ်ရိုက်လို့ရတယ်ဆိုတာပါတဲ့အတွက် အဲဒါနဲ့ကျွန်တော်တို့ဒဏ်ရိုက်လေ့ရှိပါတယ်။ ဆက်လက်ပြီး ဥက္ကဋ္ဌကြီးကိုတင်ပြလိုတာက ကျွန်တော်တို့ ဒီဥပဒေမှာပါတဲ့အချက်သုံးချက်မှာ နှစ်ချက်က တကယ် Practicable မဖြစ်ပါဘူး။ တကယ်လုပ်လို့မရတဲ့ကိစ္စတွေဖြစ်နေပါတယ်။ အဲဒီတော့ ဒီဥပဒေကို ကျွန်တော်တို့ပြင်ဆင်ဖို့ရယ်၊ နည်းဥပဒေမှာ ပြန်လည်ပြင်ဆင်ဖို့လည်း ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဆက်သွယ်ရေးလုပ်ငန်းနဲ့ပတ်သက်လို့ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းပေးနေတဲ့ Service Provider တွေကနေပြီးတော့ မလျော်မကန်လုပ်တဲ့ကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ခုနလွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို ကျွန်တော်တို့က တရားစွဲလို့ရတဲ့အခြေအနေ မရှိပါဘူး။ ဒါပေမဲ့ ခုနပြောသလို ပုဒ်မ ၆၆ (ဂ) နဲ့ဆိုရင်တော့ တစ်မျိုးဖြစ်နိုင်ပါတယ်။ ဒါကိုအသုံးချပြီး ပြန်လုပ်ရင်တော့ ရနိုင်ပါတယ်။ ဒါကို ကျွန်တော်တို့ အလေးထားပြီးတော့ ဆောင်ရွက်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ အခုကတော့ မလျော်မကန်ဖြတ်တောက်မှုတွေက ဖြစ်ပေါ်နေပြီဆိုတာ ပေါ်ပေါက်နေပါတယ်။ အဲဒီအတွက်ကြောင့် ဝန်ကြီးဌာနအနေနဲ့ ဒါကိုဘယ်လို ဖိဖိစီးစီးအရေးယူဆောင်ရွက်မယ်ဆိုတဲ့ အပိုင်းတွေလည်း ဒါ ဝန်ကြီးဌာနအနေနဲ့ အလျင်အမြန်ဆောင်ရွက်ပေးဖို့ လိုမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ အားလုံးနဲ့သက်ဆိုင်တဲ့မေးခွန်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမေးခွန်းဟာ ပြည်သူလူထုတစ်ရပ်လုံးနဲ့ သက်ဆိုင်ပြီး အများအတွက်အကျိုးရှိစေတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် မေးခွန်းနဲ့ ဖြေကြားချက်များ ဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းခြင်းနှင့် နိုင်ငံတော်ပိုင်သတင်းစာများမှာ ဖော်ပြနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။ (သြဘာသံများ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

## ကော်မတီအဖွဲ့ဝင် ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် ပယ်ဖျက်ခြင်း

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် အောက်ဖော်ပြပါ ကော်မတီအဖွဲ့ဝင်များအား မူလကော်မတီမှ ယှဉ်တွဲပါ ကော်မတီသို့ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ မဲဆန္ဒနယ် | မူလကော်မတီ | ပြောင်းရွှေ့ပေးအပ်သည့်ကော်မတီ |
|---|---|---|---|
| (က) | ဒေါက်တာဦးဝင်းအောင် ခင်ဦး မဲဆန္ဒနယ် | အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ | စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| (ခ) | ဦးဌေးမင်းသိန်း ကြို့ပင်ကောက် မဲဆန္ဒနယ် | စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ |

၂။ အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်များအား သီးခြားတာဝန်ပေးအပ်ရန်ရှိ၍ ၎င်းတို့နှင့် ယှဉ်တွဲပါ ကော်မတီအဖွဲ့ဝင်များအဖြစ်မှ ပယ်ဖျက်လိုက်သည် -

| စဉ် | အမည်၊ မဲဆန္ဒနယ် | တာဝန် | ကော်မတီ |
|---|---|---|---|
| (က) | ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ပြည် မဲဆန္ဒနယ် | အဖွဲ့ဝင် | ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| (ခ) | ဒေါက်တာဒေါ်ကြည်မို့မို့လွင် စဥ့်ကိုင် မဲဆန္ဒနယ် | အဖွဲ့ဝင် | စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်)

## အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်း

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာဒေါ်ခင်စိုးစိုးကြည် | ပြည် မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဝင်းနိုင် | မိုးကောင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်နန်းသန်းသန်းလွင် | ဘားအံ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ဝင့်ဝါထွန်း | ရှားတော မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်နီရွှေလျှန်း | ထန်တလန် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာဒေါ်အေဇင်လတ် | ရွှေဘို မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ခင်စန္ဒီ | လောင်းလုံး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်မိကွန်ချမ်း | ပေါင် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးနိုင်ထူးအောင် | နွားထိုးကြီး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဒေါ်နန်းခင်စော | ကွန်ဟိန်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဒေါ်ခင်စောဝေ | ရသေ့တောင် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဒေါက်တာဒေါ်ရွှေပုံ | ပဲခူး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးမြင့်ချို | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာဒေါ်ကြည်မို့မို့လွင် | စဥ့်ကိုင် မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှု အခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၅။ ကော်မတီသည် -

(က) အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ရမည်။

(ခ) အမျိုးသမီးများအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု နယ်ပယ်အသီးသီးတို့တွင် အခွင့်အရေးတန်းတူရည်တူ ရရှိရေးတို့အတွက် ဆောင်ရွက်ရမည်။

(ဂ) ကျောင်းနေအရွယ် ကလေးသူငယ်များအားလုံး ပညာသင်ကြားခွင့်ရရှိရေး အကောင်အထည်ဖော်ဆောင်ရာတွင် ကူညီဆောင်ရွက်ရမည်။

(ဃ) အမျိုးသမီးများနှင့် ကလေးသူငယ်များကို လူကုန်ကူးမှု၊ ခေါင်းပုံဖြတ်ခံရမှုများအား တားဆီးနှိမ်နင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) အရွယ်မရောက်သေးသော ကလေးသူငယ်များအား အလုပ်ခိုင်းစေခြင်း၊ စစ်မှုထမ်းဆောင်စေခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း ရောင်းဝယ်မှုများကို ကာကွယ်တားဆီးခြင်းတို့ကို ဆောင်ရွက်ရမည်။

(စ) အမျိုးသမီးများနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုပပျောက်ရေးတို့ကို ဆောင်ရွက်ပေးရမည်။

(ဆ) ကျေးလက်နေ ပြည်သူများအား လူကုန်ကူးမှုနှင့်သက်ဆိုင်သော အသိပညာပေးခြင်းများကို ဆောင်ရွက်ရမည်။

(ဇ) အမျိုးသမီးများအား အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် သင်တန်းများဖွင့်လှစ်ပေးခြင်း၊ နည်းပညာနှင့် အခြားလိုအပ်သော အကူအညီများ ထောက်ပံ့ကူညီခြင်းတို့တွင် ပါဝင်ဆောင်ရွက်ရမည်။

(ဈ) သဘာဝဘေးအန္တရာယ်၊ စစ်မက်အန္တရာယ်နှင့် အခြားအကြောင်း တစ်စုံတစ်ရာကြောင့် ဘေးဒုက္ခရောက်လျက်ရှိသော အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကူညီစောင့်ရှောက်ရမည်။

(ည) သက်ကြီးရွယ်အိုအမျိုးသမီးများနှင့် ရင်ခွင်မဲ့ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ရေးတို့ကို ကူညီဆောင်ရွက်ပေးရမည်။

(ဋ) စိတ်ပိုင်းဆိုင်ရာ မကျန်းမာခြင်းနှင့် ကိုယ်အင်္ဂါမသန်စွမ်းသောအမျိုးသမီးများ၊ ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ရေးနှင့် ၎င်းတို့ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိနိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးရမည်။

(ဌ) ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး၍ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးကို မြှင့်တင်ရန်၊ ကာကွယ်စောင့်ရှောက်ရန်တို့အတွက် လိုအပ်သည်များ ပံ့ပိုးကူညီပေးခြင်းနှင့် ထိန်းညှိခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဍ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ကြေညာချက်များ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကို လေ့လာသုံးသပ်ပြီး လွှတ်တော်သို့ တင်ပြရမည်။

(ပ) အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့်ပတ်သက်၍ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ရေးဆွဲရန် လိုအပ်သည်ဟု တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဖ) အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ ကိစ္စရပ်များကို လေ့လာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၆။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင် တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၈။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၉။ ကော်မတီသည် -

(က) အစိုးရနှင့် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံ ဆွေးနွေးညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်း ပြုလုပ်နိုင်သည်။

(ခ) ကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီး ပြည်နယ် အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက်ပေးရန်သင့်သော သို့မဟုတ် လိုအပ်သလို အရေးယူဆောင်ရွက်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရမည်။

၁၀။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင် တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သောကော်မတီဝင် တစ်ဦးသည် အစီရင်ခံစာကိုဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၁၁။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့်အခွင့်အရေး**

၁၂။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းများကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၃။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်)

**ကော်မတီအမည်ပြောင်းလဲခြင်း**

အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ **အစား** လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီဟု အမည်ပြောင်းလဲလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်)

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၈/၂၀၁၉) ဖြင့် အမည်ပြောင်းလဲဖွဲ့စည်းခဲ့သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ အပိုဒ် ၄ တာဝန်နှင့် အပိုဒ် ၅ လုပ်ပိုင်ခွင့်များကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည် -

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီ၏ တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ခ) တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသော မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စွာ ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဂ) ဥပဒေမဲ့ဝင်ရောက်သူများအား ဖော်ထုတ်၍ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊

(ဃ) နိုင်ငံခြားသားများ ပြည်တွင်း၌ နေထိုင်မှု၊ သွားလာလှုပ်ရှားမှုများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကြပ်မတ်ထိန်းသိမ်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊

(င) တစ်မျိုးသားလုံး လူနေမှုဘဝ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်လူဦးရေ မူဝါဒကို ချမှတ်နိုင်ရန် လူဦးရေဆိုင်ရာ ပြည်တွင်း၊ ပြည်ပ အချက်အလက်များကို ဆန်းစစ်လေ့လာရေးကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးရန်၊

(စ) အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များ ဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်ရရှိရန် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆထိခိုက်မှု လျော့နည်းကျဆင်းရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များအတွင်း ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးရန်၊

(ဆ) လူမှုဖူလုံရေးအာမခံ အလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကူညီဆောင်ရွက်ပေးရန်၊

(ဇ) ရွှေ့ပြောင်းအလုပ်သမားများ၏ ဥပဒေပါအခွင့်အရေးများ ရရှိနိုင်ရေးအတွက် ဆိုက်ရောက်နိုင်ငံများ၏ အလုပ်သမားဥပဒေ လုပ်ခလစာနှင့်တကွ အခြားရပိုင်ခွင့်များကို ရရှိရေး၊ လွယ်ကူစွာ လစာငွေ ပြန်ပို့နိုင်ရေး၊ မတရားခြယ်လှယ်မှုများရှိပါက ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးရန်၊

(ဈ) ပြည်ပနိုင်ငံများသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သော အလုပ်သမားများနှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီတို့အကြား ချုပ်ဆိုသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိ၍ တိုင်ကြားလာပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အေဂျင်စီနှင့် ညှိနှိုင်းကူညီဆောင်ရွက်ပေးရန်၊

(ည) ခေတ်နှင့်လျော်ညီမှုမရှိသည့် တည်ဆဲအလုပ်သမားဥပဒေများကို လေ့လာသုံးသပ်၍ ပြင်ဆင်နိုင်ရေး၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ စံနှုန်းများနှင့်အညီ ဖြစ်ပေါ်စေရေးတို့ကို ကူညီဆောင်ရွက်ပေးရန်၊

(ဋ) အလုပ်ရှင်နှင့် အလုပ်သမားတို့ အငြင်းပွားမှု ဖြစ်ပေါ်လာပါက စေ့စပ်ညှိနှိုင်းရေးအဆင့်တွင် ပြေလည်မှုမရရှိဘဲ ကော်မတီသို့ အကူအညီတောင်းခံလာပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြေလည်မှုရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီသည် ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းများ (သို့မဟုတ်) အလုပ်ရှင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ (သို့မဟုတ်) ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်။

(ခ) ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ လိုအပ်သည့် ပြည်တွင်းနေရာဒေသ ပြည်တွင်းပြည်ပ အဖွဲ့အစည်းရုံးများသို့ တာဝန်အရ သွားရောက်လေ့လာဆောင်ရွက်နိုင်သည်။ ထိုသို့ သွားရောက်လေ့လာဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး အမျိုးသားလွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်။

(ဂ) အလုပ်သမားဥပဒေပါ အခွင့်အရေးများကို အလုပ်သမားသမဂ္ဂများ ရရှိခံစားနိုင်မှုအခြေအနေကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ဆောင်ရွက်ထားရှိမှုအခြေအနေအား အချိန်နှင့်တစ်ပြေးညီ တောင်းဆိုပိုင်ခွင့်၊ မေးနိုင်ခွင့်ရှိသည်။

(ဃ) ကော်မတီ၏လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲစီစဉ်ပေးရန်သင့်သော (သို့မဟုတ်) လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်တကွ ပြည့်စုံစွာပြုစုတင်ပြရမည်။

(င) ပြည်တွင်းပြည်ပအလုပ်သမားအဖွဲ့အစည်းများနှင့်ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာတွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့် လိုအပ်ချက်များမေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သောအကြံဉာဏ်များပေးခြင်း၊ လုပ်ငန်းတိုးတက်အောင်မြင်မှုရရှိစေရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်သည်။ ဆက်သွယ်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ လွှတ်တော်ရုံး၏အစီအစဉ်ဖြင့် တရားဝင်ဆောင်ရွက်ခွင့်ရှိသည်။

(စ) ပြည်တွင်းပြည်ပအလုပ်သမားအဖွဲ့အစည်းများက ကော်မတီ (သို့မဟုတ်) ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်းပြုနိုင်သည်။ အကယ်၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရန် အချိန်မမီပါက တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများကို လွှတ်တော်ဥက္ကဋ္ဌအား အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

(ဆ) ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ချက်များအား ဦးစားပေးအစီအစဉ်အလိုက် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများကို ပြုစုတင်ပြရမည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၉/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနေရာ၌ ဦးသန်းစိန် **အစား** ဦးသိန်းထီ အား စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန် ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၀/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

### ရခိုင့်ဦးဆောင်ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်ခြင်း

၁။ ရသေ့တောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း သည် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။

၂။ ဦးတင်မောင်ဝင်း က ၎င်းသည် ရခိုင့်ဦးဆောင်ပါတီအား တည်ထောင်သူ (၂၁) ဦးထဲမှ တစ်ဦးဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၁၉) ဖြင့် ရခိုင့်ဦးဆောင်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ပါ၍ ၎င်းအား ရခိုင့်ဦးဆောင်ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်ပေးပါရန် တင်ပြလာခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့၌ ပြုလုပ်သော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၉/၂၀၁၉) ၏ ဆုံးဖြတ်ချက်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဆ)၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၇၂ (ဂ) တို့နှင့်အညီ ဦးတင်မောင်ဝင်း အား ရခိုင့်ဦးဆောင်ပါတီကိုယ်စားပြုသော ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၈ ရက်)

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မော်ဝေ နိုင်ငံသားစိစစ်ရေး

ကတ်ပြားအမှတ် [၁၂/စခန (နိုင်) ၀၁၆၅၇၅] ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှ ဒီဇင်ဘာလ ၁၉ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များ ကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ ဖြစ်သော ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အောင်ကြည်
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၀၀၉/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်စွဲပါ စာအမှတ်၊ ၇/၄၃၇-ပြောင်းရွှေ့/ အဖရ (၂၀၁၉) ဖြင့် ခွင့်ပြုချက်အရ ပြည်ထဲရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၃) ဦးတို့အား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ ရာထူးနေရာများသို့ ပြောင်းရွှေ့သွတ်သွင်းခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | ပြောင်းရွှေ့သွတ်သွင်းခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| ၁။ | ဦးအောင်ထူးမြင့် | ရဲမှူး၊ ထောက်ဌာနခွဲမှူး (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရဲအရာရှိအတတ်သင်တန်းကျောင်း၊ မန္တလေးမြို့၊ ပြည်ထဲရေးဝန်ကြီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး |
| ၂။ | ဦးကျော်ကျော် | ဒုတိယရဲမှူး (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရဲဦးစီးဌာနကြီး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန | ဦးစီးအရာရှိ (စုံစမ်းစစ်ဆေးရေး) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး |
| ၃။ | ဒေါ်နှင်းနှင်းအေး | ဦးစီးအရာရှိ (စီမံ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မှုခင်း (အထက်)၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး |

အောင်ကြည်
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၀၁၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်စွဲပါ စာအမှတ်၊ ၇/၄၃၇-ပြောင်းရွှေ့/အဖရ (၂၀၁၉) ဖြင့် ခွင့်ပြုချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ ရာထူးနေရာများသို့ ပြောင်းရွှေ့သွတ်သွင်းခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | ပြောင်းရွှေ့သွတ်သွင်းခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| ၁။ | ဦးလှိုင်ဘုန်းမြင့် | လက်ထောက်ညွှန်ကြားရေးမှူး (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး |
| ၂။ | ဦးလွင်မိုး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး |

အောင်ကြည်
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

### ပြည်ထဲရေးဝန်ကြီးဌာန၊ ဖွဲ့စည်းပုံပြင်ဆင်ဖွဲ့စည်းခွင့်ပြုခြင်း

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) မှ သဘောတူခွင့်ပြုချက်အရ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်တွင် ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့အား အရာထမ်း ၆,၈၈၆ နေရာ၊ အမှုထမ်း ၂၀,၈၅၃ နေရာ၊ စုစုပေါင်း ၂၇,၄၆၉ နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ချင်းပြည်နယ်ရုံးမှ (စ/ဝ၆၃၆) ညွှန်ကြားရေးမှူး ဦးခင်မောင်သန်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မတ်လ ၅ ရက်နေ့မှ ဇူလိုင်လ ၄ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဓာတုဗေဒစစ်ဆေးရေးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၃) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှစ၍ လက်ရှိရာထူး အဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) ဦးစီးအရာရှိ ဦးဇော်မိုးဦး
ဓာတုဗေဒစစ်ဆေးရေးဌာနခွဲ (နေပြည်တော်)

(ခ) ဦးစီးအရာရှိ ဒေါ်စမ်းစမ်းလွင်
ဓာတုဗေဒစစ်ဆေးရေးဌာနခွဲ (မန္တလေး)

(ဂ) ဦးစီးအရာရှိ ဒေါ်ဇင်မာဝင်း
ဓာတုဗေဒစစ်ဆေးရေးဌာနခွဲ (ရန်ကုန်)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)

အမှတ် ၃၁ ။ ။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁၁၈ (၂)/၈ သမ္မတရုံးအရ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးသက်ဆွေ အား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် မူလ တာဝန်ဝတ္တရားများအပြင် ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး တာဝန်ကိုပါ ပူးတွဲထမ်းဆောင်ရန် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တာဝန်ပေးအပ်လိုက်သည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၉**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၁၄/၅၆/၃/ရခ-၃/၂၀၁၇-၂၀၁၈ အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ရာထူးနေရာအတွက် ရွေးချယ်ခြင်းခံရသူ ပြင်ပပုဂ္ဂိုလ် ဦးသက်နိုင်ဝင်း (ဘ) ဦးကြည်ဝင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ဒဂမ (နိုင်) ၀၂၃၆၃၈] အား ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားတာဝန်ပေးအပ်လိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၉**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ ပူးတွဲပါ စာရင်းကိုင်-၁ (၂၁) ဦးအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏သဘောတူညီချက်အရ စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (ငွေစာရင်း) ရာထူးနေရာများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**ရာထူးတိုးမြှင့်ပေးရန် ဝန်ထမ်းများစာရင်း**

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဒေါ်တင်တင်စိန် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၂။ | ဒေါ်သီတာမြင့် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၃။ | ဒေါ်ခင်မြတ်ခိုင်ထွန်း | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၄။ | ဒေါ်ခင်ဝင်းတင့် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၅။ | ဒေါ်နုနုစိန် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၆။ | ဒေါ်မီမီထွေး | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၇။ | ဦးအောင်မိုး | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၈။ | ဦးဝင်းအောင် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၉။ | ဒေါ်မြသန္တာ | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၁၀။ | ဦးမောင်ကင်း | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၁၁။ | ဒေါ်သန္တာမိုး | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁၂။ | ဒေါ်သန်းသန်းအေး | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၁၃။ | ဦးဝင်းအောင် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၁၄။ | ဒေါ်ခင်မာလွင် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၁၅။ | ဒေါ်ဝင်းမာလှိုင် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၁၆။ | ဒေါ်ခင်မြတ်မြတ်မိုး | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၁၇။ | ဒေါ်လေးလေးမြင့် (ခ) ခင်မြင့်ဝေ | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၁၈။ | ဒေါ်ကြည်ကြည်မြင့် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၁၉။ | ဒေါ်တင်တင်အေး | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၂၀။ | ဦးတင်မျိုး | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| ၂၁။ | ဒေါ်စန်းစန်းမြင့် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ ရုံးအုပ် ဒေါ်ကြည်ကြည်မေ အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏ သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) တွင် လစ်လပ်လျက် ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (စီမံ) ရာထူးနေရာသို့ စတင် သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၄၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာအမျိုးသားလေကြောင်း၊ ပုံသန်းမှုလုပ်ငန်းဌာနမှ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)၊ ဒုတိယ လေယာဉ်မှူးကြီး ဦးနိုင်ထွန်း (လရ-၄၄၃၁) အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ လေယာဉ်မှူး ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကို ဆိုသည်။

(ခ) **ပြည်တွင်းရေကြောင်း**ဆိုရာတွင် ရေယာဉ်များသွားလာနိုင်သော နိုင်ငံတော်အတွင်းရှိ မြစ်၊ ချောင်း၊ တူးမြောင်းနှင့်ကန်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံတော်၏ ကမ်းရိုးတန်းရေကြောင်းလည်း ပါဝင်သည်။

## အခန်း (၂)
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဖွဲ့စည်းခြင်း

၃။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို အစိုးရအဖွဲ့က အတည်ပြုသည့် ဖွဲ့စည်းပုံနှင့်အညီ တည်ထောင်ထားရှိရာ၌ လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းပုံကို ပြင်ဆင်ပြောင်းလဲဖွဲ့စည်းလိုပါက အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ဆောင်ရွက်နိုင်သည်။

၄။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံပါ ဝန်ထမ်းများက တိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း ပြုရမည်။

## အခန်း (၃)
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံတော်အတွင်း မြစ်ကြောင်းများနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ဥပဒေအရ အခြားဆက်စပ်သည့် ရေယာဉ်ဖြင့်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အစီအစဉ်ဖြင့်ဖြစ်စေ၊ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များဖြင့်ဖြစ်စေ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်သည်။

၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် သင်္ဘောကျင်းလုပ်ငန်းများနှင့် ရေယာဉ်တည်ဆောက်ပြင်ဆင်ခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အစီအစဉ်ဖြင့်ဖြစ်စေ၊ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များဖြင့်ဖြစ်စေ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်သည်။

၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူဖြည့်တင်းရာတွင် နိုင်ငံတော်က ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ပြည်တွင်း ပြည်ပမှ ဝယ်ယူဖြည့်တင်းခြင်း ဆောင်ရွက်နိုင်သည်။

၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်း ပြည်ပပုဂ္ဂလိကနှင့် အဖွဲ့အစည်းပိုင်ရေယာဉ်များကို မွမ်းမံပြင်ဆင်ခြင်း၊ ရေယာဉ်အသစ်တည်ဆောက်ရောင်းချခြင်းနှင့် အခြားလုပ်ငန်းများကို လက်ခံဆောင်ရွက်ရာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အစီအစဉ်ဖြင့်ဖြစ်စေ၊ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များဖြင့်ဖြစ်စေ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်သည်။

၉။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဝင်ငွေနှင့် အကျိုးအမြတ်တိုးပွားစေရေးအတွက် ဆောင်ရွက်ရာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် စက်ပစ္စည်းနှင့် စက်ကိရိယာများ၊ မြေ၊ အဆောက်အအုံများနှင့် အခြားပိုင်ဆိုင်ခွင့်များကို သက်ဆိုင်ရာလုပ်ငန်းများအတွက် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များကို ငှားရမ်းခွင့်၊ အကျိုးတူပူးပေါင်းဆောင်ရွက်ပိုင်ခွင့်တို့နှင့်စပ်လျဉ်း၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်ထက် ကျော်လွန်သောကိစ္စရပ်များကို အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ဆောင်ရွက်နိုင်သည်။

၁၀။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အစိုးရအဖွဲ့ကဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် သက်ဆိုင်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုနှုန်းများ၊ လုပ်ခနှုန်းများ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုဝန်ဆောင်ခနှုန်းများ၊ ရေယာဉ်ငှားရမ်းခနှုန်းထားများကို ဈေးကွက်လိုအပ်ချက်နှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက သတ်မှတ်ပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်ရှိသည်။

၁၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်၊ ယာဉ်နှင့် အသုံးမလိုသည့် ပစ္စည်းများ၊ ရေယာဉ်ပြင်ဆင်ရာမှ ရရှိသည့်အသုံးမလိုသည့် ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် စာရင်းမှ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၁၃။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဤနည်းဥပဒေပါ အချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့၊ ဝန်ကြီးဌာန၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ရန် လိုအပ်သောကိစ္စများကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်ရမည်။

၁၄။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံအတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြစ်တွင်းနှင့် ကမ်းရိုးတန်းရေယာဉ်ဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

၁၅။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးခရီးစဉ်အသစ် ပြေးဆွဲခြင်း၊ ခရီးစဉ်များပြောင်းလဲခြင်းနှင့် ပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## အခန်း (၄)
## စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၆။ စီမံခန့်ခွဲရေးအဖွဲ့သည် ဥပဒေနှင့် ဤနည်းဥပဒေများအပြင် အခါအားလျော်စွာ အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနတို့က ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

၁၇။ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးကျင်းပခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်းနှင့်သက်ဆိုင်သော တင်ပြသည့်ကိစ္စများကို အစည်းအဝေးသို့ တက်ရောက်လာသည့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များအနက် အများစု၏ဆန္ဒဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်။

၁၉။ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးများတွင် ဆုံးဖြတ်သည့်ကိစ္စများ၌ အငြင်းပွားဖွယ်ရာကိစ္စများရှိနေပါက စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

၂၀။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှန်တကယ်အန္တရာယ်ရှိနိုင်သော အရေးပေါ်အခြေအနေများတွင် စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သည်။

## အခန်း (၅)
## ရေယာဉ်ဖြင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၂၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်သော လက်မှတ်အမျိုးအစားများကို သတ်မှတ်ထားရှိနိုင်သည်။

၂၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသည့် ခရီးသည်များသည် ခရီးသည်လက်မှတ်နှင့်စပ်လျဉ်း၍ ဥပဒေအရ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်။

## အခန်း (၆)

## ရေယာဉ်ဖြင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၂၃။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ရေယာဉ်အမျိုးအစားအလိုက် ခွင့်ပြုထားသော ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေအရ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်။

## အခန်း (၇)

## ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စာရင်းများ

၂၄။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဘဏ္ဍာရေး ငွေရေးကြေးရေးနှင့်စာရင်းများ ဆောင်ရွက်ရာတွင် ဥပဒေပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည့်အပြင် နိုင်ငံတော်က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၈)

## အထွေထွေ

၂၅။ အငှားချထားခြင်းခံရသူသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များကို ငှားရမ်းအသုံးပြုရာတွင် သတ်မှတ်ထားသည့် ကာလအတွင်း အသုံးပြုသည့်ရေယာဉ်များ နစ်မြုပ်မှုဖြစ်ပေါ်ခြင်းနှင့်စပ်လျဉ်း၍ -

(က) မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သည့်အတွက် နစ်မြုပ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့ ချက်ချင်း အကြောင်းကြားရမည်။

(ခ) အကယ်၍ ရေယာဉ်များ ခုတ်မောင်းသွားလာသည့် ရေလမ်းကြောင်းတွင် ပိတ်ဆို့နိုင်သည့် အခြေအနေမျိုးဖြစ်ပါက ချက်ချင်းဆယ်ယူဖယ်ရှားရမည်။

(ဂ) ချက်ချင်းဆယ်ယူဖယ်ရှားခြင်းမပြုသဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ဆယ်ယူဖယ်ရှားပေးရပါက ကျသင့်ကုန်ကျစရိတ်ကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့ ပေးဆောင်ရမည်။

၂၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်းများတွင်း သင်္ဘောကျင်းလုပ်ငန်းများနှင့် ဆက်စပ်သော လုပ်ငန်းအဝဝကို ဆောင်ရွက်ရာတွင် နိုင်ငံတော်ဝင်ငွေနှင့် အကျိုးအမြတ်တိုးပွားစေရေးအတွက် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်သည်။

၂၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စများတွင် ငွေကြေးအကျိုးအမြတ်မယူဘဲ ဆောင်ရွက်ပေးရာတွင် သင့်လျော်သည့်အခွန်ကင်းလွတ်ခွင့်သို့မဟုတ် သက်သာခွင့်ရရှိရေးလျှောက်ထားရန် စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ လျှောက်ထားရမည်။

၂၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အကျိုးတူပူးပေါင်းဆောင်ရွက်ပိုင်ခွင့်ရရှိသူ၊ အငှားချထားခြင်းခံရသူက သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်း ရှိ မရှိကို စစ်ဆေးရန် သက်ဆိုင်ရာဌာနများ စုပေါင်းပါဝင်သောအဖွဲ့ကို အခါအားလျော်စွာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၉။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ပစ္စည်းများကို အငှားချထားရာတွင် ငှားရမ်းအသုံးပြုစဉ်ကာလအတွင်း အသုံးပြုသည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုကိစ္စအရပ်ရပ်အား အငှားချထားခြင်းခံရသူက တာဝန်ယူဆောင်ရွက်ရမည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

၁။　သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ကျောက်မျက်ရတနာနှင့် ရွှေဈေးဖြစ်ထွန်းပေါ်ပေါက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ **ကျောက်မျက်ရတနာနှင့် ရွှေဈေးအကောင်အထည်ဖော်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဒေါက်တာရဲမြင့်ဆွေ　　နာယက
ဒုတိယဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခ) ဦးမင်းမင်းဦး　　ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန် (သတ္တုရေးရာ)
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဂ) ဦးခင်လတ်ကြီး　　ဒုတိယဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
သတ္တုတွင်းဦးစီးဌာန

(ဃ) ဦးရုံးမူ　　ဒုတိယဥက္ကဋ္ဌ
ဥက္ကဋ္ဌ
သတ္တုဖွံ့ဖြိုးရေးဘဏ်

(င) ဦးခင်မောင်ဟန်　　ဒုတိယဥက္ကဋ္ဌ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်

(စ) ဦးကျော်ဝင်း　　ဒုတိယဥက္ကဋ္ဌ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း

(ဆ) ဦးသံဒိုင်　　အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ် (၂) သတ္တုတွင်းလုပ်ငန်း

(ဇ) ဦးအောင်ညွှန့်သိန်း　　အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(ဈ) ဦးအောင်နိုင်ဦး　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ည) ဦးမင်းထွန်း　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ङ) ဦးကျော်ထင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဌ) ဒေါ်မေတိုးဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဍ) ဦးမင်းမင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဎ) ဦးအောင်ခန့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဏ) ဦးကို — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(တ) ဒေါက်တာမာလာဝင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ထ) ဦးမျိုးမြင့် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း

(ဒ) ဦးတင်ထွန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း

(ဓ) ဦးနိုင်မျိုးဟန် — အတွင်းရေးမှူး (၁)
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(န) ဒေါက်တာအောင်သူရိန်ဝင်း — အတွင်းရေးမှူး (၂)
ဒုတိယအထွေထွေမန်နေဂျာ
အမှတ် (၂) သတ္တုတွင်းလုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ "ကျောက်မျက်ရတနာနှင့် ရွှေဈေးအကောင်အထည်ဖော်ရေး ကော်မတီ" ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတကာအဆင့်မီစွာ ကျောက်မျက်ရတနာနှင့် ရွှေဈေးကို ပင်မလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများအပါအဝင် တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း စနစ်တကျအဆင်ပြေချောမွေ့စွာ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းအကောင်အထည်ဖော်မည့် Standard Operating Procedure (SOP) ကို ညှိနှိုင်း ရေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ဂ) ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီး (၃) မြို့တွင် ကျောက်မျက်ရတနာ၊ ရွှေဈေးဖွင့်လှစ်နိုင်ရေး အတွက် သင့်လျော်မည့်မြေနေရာများ ရွေးချယ်၍ အဆိုပြုတင်ပြရန်၊

(ဃ) ယာယီဈေးဖွင့်လှစ်မှုကို ရန်ကုန်မြို့တွင်လည်းကောင်း၊ ဒုတိယအနေဖြင့် မန္တလေးမြို့တွင်လည်းကောင်း ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်တင်ပြရန်၊

(င) ပြည်ထောင်စုဝန်ကြီးဌာနများက စီမံခန့်ခွဲနေသော တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများနှင့် ညီညွတ်ကိုက်ညီပြီး တင်သွင်းမှု၊ တင်ပို့မှုများ အပါအဝင် သက်ဆိုင်သည့် လုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာနှင့် ပွင့်လင်းမြင်သာစွာဖြင့် အောင်မြင်စွာ လုပ်ကိုင် လည်ပတ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(စ) ကျောက်မျက်ရတနာနှင့် ရွှေသတ္တုတို့၏ စံချိန်စံညွှန်းသတ်မှတ်ချက် Quality Assurance ကို Assessment ပြုလုပ်ပေးရန်နှင့် SOP ရေးဆွဲ၍ ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်၊

(ဆ) လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ လိုအပ်သည့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားရန်။

၃။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၉/၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကဏ္ဍအလိုက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကဏ္ဍအလိုက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) များကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

**(က) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာကဏ္ဍ) ၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU)**

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၁) | ဦးထွန်းအောင်ကျော်<br>ညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးညွန့်ဝေ<br>ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့သစ်လုပ်ငန်း | အဖွဲ့ဝင် |
| (၃) | ဦးမြတ်ကောင်းကျော်<br>ဒုတိယညွှန်ကြားရေးမှူး<br>အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးငွေးလှိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>မြေတိုင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးစိုးနိုင်<br>ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အတွင်းရေးမှူး |

( ခ ) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာကဏ္ဍ) ၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU)**

**စဉ် အမည်၊ ရာထူး၊ ဌာန တာဝန်**

(၁) ဦးအုန်းလွင် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
သတ္တုတွင်းဦးစီးဌာန

(၂) ဒေါက်တာနေဇာလင်း — အဖွဲ့ဝင်
လက်ထောက်အထွေထွေမန်နေဂျာ
အမှတ် (၁) သတ္တုတွင်းလုပ်ငန်း

(၃) ဒေါ်မြတ်မြတ်အေး — အဖွဲ့ဝင်
လက်ထောက်အထွေထွေမန်နေဂျာ
အမှတ် (၂) သတ္တုတွင်းလုပ်ငန်း

(၄) ဦးမောင်မောင်လွင် — အဖွဲ့ဝင်
လက်ထောက်အထွေထွေမန်နေဂျာ
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(၅) ဦးတင်ဝင်းကို — အတွင်းရေးမှူး
လက်ထောက်အထွေထွေမန်နေဂျာ
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုများဖြေရှင်းရန်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၅၇/၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့၏ ဥက္ကဋ္ဌ ဦးဖေသိန်းမြင့် **အစား** ဒေါက်တာစိုးခိုင်မျိုးထွန်း အား အောက်ပါအတိုင်း အစားထိုးပြောင်းလဲဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

**စဉ် အမည်၊ ရာထူး၊ ဌာန တာဝန်**

(က) ဒေါက်တာစိုးခိုင်မျိုးထွန်း — ဥက္ကဋ္ဌ
တွဲဖက်ပါမောက္ခ၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

( ခ ) ဦးမြတ်သင်းအောင် (ပိုင်ရှင်) — အဖွဲ့ဝင်
AA Group of Co.,Ltd
လှိုင်သာယာမြို့နယ်

( ဂ ) ဒေါက်တာခင်မောင်အေး (ပိုင်ရှင်) — အဖွဲ့ဝင်
လက်ဝါးအထည်ချုပ်စက်ရုံ
လှိုင်သာယာမြို့နယ်

(ဃ) ဒေါ်ကျင်အေး (ပိုင်ရှင်) အဖွဲ့ဝင်
ဟန်ဂျင်းအထည်ချုပ်စက်ရုံ
ရွှေပြည်သာမြို့နယ်

(င) ဦးစောတင် အဖွဲ့ဝင်
ဆိပ်ကမ်းမြို့နယ်ပြည်တွင်းရေကြောင်း
အခြေခံအလုပ်သမားအဖွဲ့အစည်း

(စ) ဦးကျင်သိန်း အဖွဲ့ဝင်
မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (ငြိမ်း)
လှိုင်မြို့နယ်

(ဆ) ဦးအောင်ကျော်ထွန်းနိုင်ဦး အဖွဲ့ဝင်
ဗဟိုကော်မတီဝင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ
အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM)

(ဇ) ဦးကျော်ဇေယျ အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

(ဈ) ဦးကျော်ရီဦး အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)
အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

(ည) ဦးခင်မောင် အဖွဲ့ဝင်
ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း)
လူမှုဖူလုံရေးအဖွဲ့

(ဋ) ဦးကိုကိုနိုင် အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊
တိုင်းဒေသကြီးရုံး၊ ရန်ကုန်တိုင်းဒေသကြီး

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒေါက်တာဒေါ်စန်းမြင့်<br>ညွှန်ကြားရေးမှူး (စီမံ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ခ) | ဒေါက်တာလွင်လွင်ဦးလှိုင်<br>ညွှန်ကြားရေးမှူး (စစ်ဆေးရေး)<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာသိင်္ဂီဇင်<br>ညွှန်ကြားရေးမှူး (ဆေးဝါး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာဥမ္မာစိုးဝင်း<br>ညွှန်ကြားရေးမှူး (အစားအသောက်)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာရီရီမြ<br>ညွှန်ကြားရေးမှူး (စစ်ဆေးရေး)<br>ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ) | အဖွဲ့ဝင် |
| (စ) | ဦးထွန်းသန့်<br>ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာဝင်းကိုကိုသိန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ကျန်းမာရေးလှုပ်ရှားမှုအားအရင်းအမြစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဝင်းမြင့်ဦး<br>ဒုတိယညွှန်ကြားရေးမှူး (စီမံ)<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်အေးအေးသင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (ဝန်ကြီးရုံး) | အဖွဲ့ဝင် |
| (ည) | ဦးဟန်ဖြိုးအောင်<br>လက်ထောက်ညွှန်ကြားရေးမှူး (စီမံကိန်း)<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (ဝန်ကြီးရုံး) | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ကြည်လင်းမြင့်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ကျန်းမာရေးလှုပ်ရှားမှုအားအရင်းအမြစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒေါ်စန္ဒာကြည်<br>လက်ထောက်ညွှန်ကြားရေးမှူး (စစ်ဆေးရေး)<br>ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) | အဖွဲ့ဝင် |
| (ဍ) | ဒေါ်နေနေနိုင်ရည်<br>လက်ထောက်ညွှန်ကြားရေးမှူး (ဖွံ့ဖြိုးရေး)<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ပ) | ဦးအေးချိုတူး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၉

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်သူလူထုအခြေပြု ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ အားကစားအဆင့်မြှင့်တင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရက် (၁၀၀) စီမံချက်၊ (၆) လစီမံချက်၊ တစ်နှစ်စီမံချက်၊ နှစ်ရှည်စီမံချက်လုပ်ငန်းစဉ်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးနှင့် သတင်းထုတ်ပြန်နိုင်ရေးအတွက် **ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း　အဖွဲ့ခေါင်းဆောင်
အမြဲတမ်းအတွင်းဝန်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ခ) ဒေါက်တာသာထွန်းကျော်　အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဂ) ဒေါက်တာမိုးဆွေ　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
တိုင်းရင်းဆေးပညာဦးစီးဌာန

(ဃ) ပါမောက္ခဒေါက်တာခင်ဇော်　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(င) ဦးမျိုးလှိုင်　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အားကစားနှင့် ကာယပညာဦးစီးဌာန

(စ) ဒေါက်တာစိုးဦး　အဖွဲ့ဝင်
ခေတ္တညွှန်ကြားရေးမှူးချုပ်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ကုသရေးဦးစီးဌာန

(ဆ) ဒေါက်တာသီတာလှ　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)
ကုသရေးဦးစီးဌာန

(ဇ) ဒေါက်တာသန္တာလွင်　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(ဈ) ဒေါက်တာတင်ထွန်း　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

(ည) ဒေါက်တာလှိုင်မြတ်သူ　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (သုတေသန)
ဆေးသုတေသနဦးစီးဌာန

(ဋ) ဒေါက်တာဖြူဖြူအေး　အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (ကျန်းမာပညာ)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

၂။ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်သူလူထုအခြေပြု ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍတို့၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များ၊ ဆောင်ရွက်မှုများကို ပြည်သူလူထုစိတ်ဝင်စားလာစေရန်အတွက် မှန်ကန်ပြီး အကျိုးရှိမည့် သတင်းများ၊ စာရင်းဇယားများကို လက်ဦးမှုရှိအောင် လိုအပ်သလို စီစဉ်ထုတ်ပြန်ပေးရန်၊

(ခ) မီဒီယာလုပ်ငန်းများ၌ ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သင့်သည့် သတင်းအချက်အလက်များကို နိုင်ငံတော်အဆင့် ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီတင်ပြပေးရန်၊

(ဂ) ပြည်တွင်း ပြည်ပမှ သီးခြားဆက်သွယ်မေးမြန်းလာသော ကျန်းမာရေးနှင့် အားကစားကဏ္ဍ ဆိုင်ရာ ဆောင်ရွက်မှုများအား လိုအပ်သလို စီစဉ်ပြန်လည်ဖြေကြားရန်၊

(ဃ) အခြားသတင်းထုတ်ပြန်သင့်သည်များကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ရေး စီစဉ်ဆောင်ရွက်ရန်။

၃။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၁၁/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၉**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အာဆီယံ - ကိုရီးယားကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်အရ အာဆီယံ - ကိုရီးယားလွတ်လပ်သော ကုန်သွယ်ရေးဒေသကို ထူထောင်ရန်အလို့ငှာ ၁၉၉၂ ခုနှစ်၊ အကောက်ခွန်နှုန်းဥပဒေအခန်း (၂)၊ ပုဒ်မ ၃ နှင့် ၄ တို့တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် နောက်ဆက်တွဲ (က) ပါ မြန်မာနိုင်ငံ၏ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် နှင့် ၂၀၁၉ ခုနှစ်တို့အတွက် အကျုံးဝင်သည့် ကုန်စည်စာရင်းများနှင့် အကောက်ခွန်နှုန်း လျှော့ချသတ်မှတ်မည့် အစီအစဉ် (Myanmar's Tariff Reduction Schedules for Products under the Trade in Goods Agreement of the Framework Agreement on Comprehensive Economic Co-operation between the Association of South East Asian Nations and the Republic of Korea for the Year 2017-2018-2019) ကို ပြဋ္ဌာန်းသတ်မှတ်လိုက်သည်။

၂။ အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းသတ်မှတ်ချက်သည် ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့၏ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

နောက်ဆက်တွဲ(က)

## Myanmar Tariff Reduction Schedule

| AHTN Code | Stat. Code | Description | Base Rate (%) | Category | 2017 | 2018 | 2019 | Remark |
|---|---|---|---|---|---|---|---|---|
| 01.01 | | **Live horses, asses, mules and hinnies.** | | | | | | |
| | | - Horses: | | | | | | |
| 0101.21.00 | 00 | - - Pure-bred breeding animals | zero | NT | 0 | 0 | 0 | |
| 0101.29.00 | 00 | - - Other | zero | NT | 0 | 0 | 0 | |
| 0101.30 | | - Asses: | | | | | | |
| 0101.30.10 | 00 | - - Pure-bred breeding animals | zero | NT | 0 | 0 | 0 | |
| 0101.30.90 | 00 | - - Other | zero | NT | 0 | 0 | 0 | |
| 0101.90.00 | 00 | - Other | zero | NT | 0 | 0 | 0 | |
| 01.02 | | **Live bovine animals.** | | | | | | |
| | | - Cattle: | | | | | | |
| 0102.21.00 | 00 | - - Pure-bred breeding animals | zero | NT | 0 | 0 | 0 | |
| 0102.29 | | - - Other: | | | | | | |
| 0102.29.10 | 00 | - - - Male cattle (including oxen) | zero | NT | 0 | 0 | 0 | |
| 0102.29.90 | 00 | - - - Other | zero | NT | 0 | 0 | 0 | |
| | | - Buffalo: | | | | | | |
| 0102.31.00 | 00 | - - Pure-bred breeding animals | zero | NT | 0 | 0 | 0 | |
| 0102.39.00 | 00 | - - Other | zero | NT | 0 | 0 | 0 | |
| 0102.90 | | - Other: | | | | | | |
| 0102.90.10 | 00 | - - Pure-bred breeding animals | zero | NT | 0 | 0 | 0 | |
| 0102.90.90 | 00 | - - Other | zero | NT | 0 | 0 | 0 | |
| 01.03 | | **Live swine.** | | | | | | |
| 0103.10.00 | 00 | - Pure-bred breeding animals | zero | NT | 0 | 0 | 0 | |
| | | - Other: | | | | | | |
| 0103.91.00 | 00 | - - Weighing less than 50 kg | zero | NT | 0 | 0 | 0 | |
| 0103.92.00 | 00 | - - Weighing 50 kg or more | zero | NT | 0 | 0 | 0 | |
| 01.04 | | **Live sheep and goats.** | | | | | | |
| 0104.10 | | - Sheep: | | | | | | |
| 0104.10.10 | 00 | - - Pure-bred breeding animals | zero | NT | 0 | 0 | 0 | |
| 0104.10.90 | 00 | - - Other | zero | NT | 0 | 0 | 0 | |
| 0104.20 | | - Goats: | | | | | | |
| 0104.20.90 | 00 | - - Other | zero | NT | 0 | 0 | 0 | |
| 01.05 | | **Live poultry, that is to say, fowls of the species *Gallus domesticus*, ducks, geese, turkeys and guinea fowls.** | | | | | | |

| AHTN Code | Stat. Code | Description | Base Rate (%) | Category | 2017 | 2018 | 2019 | Remark |
|---|---|---|---|---|---|---|---|---|
| | | - Weighing not more than 185 g: | | | | | | |
| **0105.11** | | - - Fowls of the species *Gallus domesticus* : | | | | | | |
| 0105.11.10 | 00 | - - - Breeding fowls | zero | NT | 0 | 0 | 0 | |
| 0105.11.90 | 00 | - - - Other | zero | NT | 0 | 0 | 0 | |
| **0105.12** | | - - Turkeys: | | | | | | |
| 0105.12.10 | 00 | - - - Breeding turkeys | zero | NT | 0 | 0 | 0 | |
| 0105.12.90 | 00 | - - - Other | zero | NT | 0 | 0 | 0 | |
| **0105.13** | | - - Ducks: | | | | | | |
| 0105.13.10 | 00 | - - - Breeding ducklings | zero | NT | 0 | 0 | 0 | |
| 0105.13.90 | 00 | - - - Other | zero | NT | 0 | 0 | 0 | |
| **0105.14** | | - - Geese: | | | | | | |
| 0105.14.10 | 00 | - - - Breeding goslings | zero | NT | 0 | 0 | 0 | |
| 0105.14.90 | 00 | - - - Other | zero | NT | 0 | 0 | 0 | |
| **0105.15** | | - - Guinea fowls: | | | | | | |
| 0105.15.10 | 00 | - - - Breeding guinea fowls | zero | NT | 0 | 0 | 0 | |
| 0105.15.90 | 00 | - - - Other | zero | NT | 0 | 0 | 0 | |
| | | - Other: | | | | | | |
| 0105.94 | | - - Fowls of the species *Gallus domesticus*: | | | | | | |
| 0105.94.10 | 00 | - - - Breeding fowls, other than fighting cocks | zero | NT | 0 | 0 | 0 | |
| 0105.94.40 | 00 | - - - Fighting cocks | zero | NT | 0 | 0 | 0 | |
| | | - - - Other: | | | | | | |
| 0105.94.91 | 00 | - - - - Weighing not more than 2kg | zero | NT | 0 | 0 | 0 | |
| 0105.94.99 | 00 | - - - - Other | zero | NT | 0 | 0 | 0 | |
| **0105.99** | | - - Other: | | | | | | |
| 0105.99.10 | 00 | - - - Breeding ducks | zero | NT | 0 | 0 | 0 | |
| 0105.99.20 | 00 | - - - Other ducks | zero | NT | 0 | 0 | 0 | |
| 0105.99.30 | 00 | - - - Breeding geese, turkeys and guinea fowls | zero | NT | 0 | 0 | 0 | |
| 0105.99.40 | 00 | - - - Other geese, turkeys and guinea fowls | zero | NT | 0 | 0 | 0 | |
| **01.06** | | **Other live animals.** | | | | | | |
| | | - Mammals: | | | | | | |
| 0106.11.00 | 00 | - - Primates | zero | SL | 0 | 0 | 0 | |
| 0106.12.00 | 00 | - - Whales, dolphins and porpoises (mammals of the order Cetacea); manatees and dugongs (mammals of the order Sirenia); seals, sea lions and walruses (mammals of the suborder Pinnipedia) | zero | SL | 0 | 0 | 0 | |
| 0106.13.00 | 00 | - - Camels and other camelids (*Camelidae* ) | zero | SL | 0 | 0 | 0 | |
| 0106.14.00 | 00 | - - Rabbits and hares | zero | SL | 0 | 0 | 0 | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ) အတွင်း အဆောက်အဦအထူးအဖွဲ့ (၄) မှ ဆောင်ရွက်မည့် အိမ်တော် B 1 လျှပ်စစ်ဆိုင်ရာ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းတွင် အသုံးပြုမည့် လျှပ်စစ်ပစ္စည်းများဝယ်ယူရန်အတွက် **တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

**(က) တင်ဒါကော်မတီ**

(၁) ဦးဝင်းတင့် — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးသိန်းဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၃) ဦးမောင်မောင်အုန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အိမ်တော်များဌာနကြီး၊ နိုင်ငံတော်သမ္မတရုံး

(၄) ဦးညဏ်ထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
သမ္မတရုံးဝန်ကြီးဌာန

(၅) ဦးဇော်မင်းဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အိမ်တော်များဌာနကြီး၊ နိုင်ငံတော်သမ္မတရုံး

(၆) ဦးမြင့်ဇော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၇) ဦးမြင့်သိန်း — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (လျှပ်စစ်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၈) ဒေါ်နွယ်နီဝင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
အဆောက်အဦအထူးအဖွဲ့ (၄)၊ အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၉) ဦးကြည်လှိုင်ဝင်း အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (လျှပ်စစ်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

**(ခ)** တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်မှု ရှိ မရှိ စိစစ်ခြင်း၊

(၂) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်း နှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၃) တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(၄) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(၅) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်း များနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(၆) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူး တာဝန်ပေးအပ်ခြင်း၊

(၇) တင်ဒါတင်သွင်းမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်၊ နေရာနှင့် တင်ဒါ အောင်မြင်သူစာရင်းထုတ်ပြန်မည့် နေ့ရက်သတ်မှတ်ခြင်း၊

(၈) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါ အောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးငွေ တောင်းခံခြင်း၊

(၉) တင်ဒါအောင်မြင်သူများအား ကြော်ငြာခြင်း၊

(၁၀) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံ ရရှိရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း။

**(ဂ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) ဦးကြည်လှိုင်ဝင်း ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး (လျှပ်စစ်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးလှစိုး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (လျှပ်စစ်)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၃) ဒေါ်မူယာခင် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (လျှပ်စစ်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၄) ဦးကျော်မင်း အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (လျှပ်စစ်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) ဒေါ်နွယ်နီဝင်း　　အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
အဆောက်အဦအထူးအဖွဲ့ (၄)၊ အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

**(ဃ)** တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) တင်ဒါများလက်ခံရရှိခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများအား စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီအစဉ်စာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(၄) တင်ဒါခေါ်ယူမည့်လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာ ဖော်ပြပေးခြင်း၊

(၅) လုပ်ငန်းအမျိုးအစားအလိုက် တင်ဒါခေါ်ယူခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ တိတိကျကျသတ်မှတ်ပေးခြင်း၊

(၆) သတင်းစာတွင် (၁) လကြိုတင်ကြော်ငြာခြင်း၊ ဌာနဆိုင်ရာရုံးကြော်ငြာသင်ပုန်းများတွင် ကြော်ငြာများကို ရက်သတ္တပတ် (၂) ပတ်ခန့် ကြော်ငြာရန်ဆောင်ရွက်ခြင်း၊

(၇) တင်ဒါခေါ်ယူမည့်လုပ်ငန်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း၊

(၈) တင်ဒါပုံစံများနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်းများအား တင်ဒါတင်သွင်းမည့်သူများသို့ ထုတ်ပေးခြင်း၊ မှတ်တမ်းထားရှိခြင်း၊

(၉) တင်ဒါအတွက်ပေးသွင်းရမည့် တင်ဒါအာမခံငွေ (Tender Deposit) နှင့် ပြန်လည်ထုတ်ပေးခြင်းတို့အား စည်းကမ်းချက်များနှင့်အညီ စနစ်တကျဆောင်ရွက်စေရန် ကြီးကြပ်ခြင်း။

**(င) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) ဦးကြည်လှိုင်ဝင်း　　ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး (လျှပ်စစ်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးသိန်းထိုက်ဆွေ　　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (လျှပ်စစ်)
အိမ်တော်များဌာနကြီး၊ နိုင်ငံတော်သမ္မတရုံး

(၃) ဦးဇော်ဇော်　　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (လျှပ်စစ်)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၄) ဦးကျော်မင်း　　အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (လျှပ်စစ်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) ဦးစိုးနိုင်　　အတွင်းရေးမှူး
ဦးစီးအရာရှိ (လျှပ်စစ်)
အဆောက်အဦအထူးအဖွဲ့ (၄)၊ အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(စ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ကြမ်းခင်းဈေးကို တွက်ချက်ပြီး "တင်ဒါကော်မတီ" သို့ တင်ပြခြင်း၊

(၂) ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားတစ်ခုချင်းစီ၏ သတ်မှတ်အတိုင်းအတာ စံချိန်စံညွှန်း အလိုက် ကြမ်းခင်းဈေးကို သတ်မှတ်ခြင်း၊

(၃) လုပ်ငန်းအုပ်စုအလိုက် တင်ဒါခေါ်ယူခြင်းများအတွက် လုပ်ငန်းတစ်ခုတွင်ပါဝင်သော လုပ်ငန်းတစ်ခုချင်းစီ၏ ကြမ်းခင်းဈေးသတ်မှတ်နှုန်းထားများကို စုပေါင်း၍ ကြမ်းခင်းဈေး သတ်မှတ်ခြင်း၊

(၄) ကြမ်းခင်းဈေးအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမည့် ဒေသန္တရဈေးနှုန်း များဖြင့် တွက်ချက်သတ်မှတ်ခြင်း၊

(၅) ကြမ်းခင်းဈေးသတ်မှတ်ရာတွင် ဆောင်ရွက်မည့်လုပ်ငန်းများအလိုက် အသုံးပြုမည့်ပစ္စည်း များ၏ အမျိုးအစားနှင့်အရည်အသွေးကို ဖော်ပြသတ်မှတ်ထားရှိခြင်း။

**(ဆ) အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးကြည်လှိုင်ဝင်း<br>ညွှန်ကြားရေးမှူး (လျှပ်စစ်)<br>အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးသိန်းထိုက်ဆွေ<br>ဒုတိယညွှန်ကြားရေးမှူး (လျှပ်စစ်)<br>အိမ်တော်များဌာနကြီး၊ နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (၃) | ဦးဇော်ဇော်<br>ဒုတိယညွှန်ကြားရေးမှူး (လျှပ်စစ်)<br>လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးကျော်မင်း<br>လက်ထောက်ညွှန်ကြားရေးမှူး (လျှပ်စစ်)<br>အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးစိုးနိုင်<br>ဦးစီးအရာရှိ (လျှပ်စစ်)<br>အဆောက်အဦအထူးအဖွဲ့ (၄)၊ အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

**(ဇ)** အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့်ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | | |
|---|---|---|---|
| ရန်ကုန်မြို့ | { | ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်<br>( ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက် ) | } | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)

အမှတ် ၃၄/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | | |
|---|---|---|---|---|
| (၁) | မင်းဆွေ | ကြည်း | ၇၄၃၉၄ | ၂၄-၃-၂၀၁၉ |
| (၂) | သန်းနိုင် | ကြည်း | ၇၄၃၉၅ | ၂၅-၃-၂၀၁၉ |

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်)

အမှတ် ၃၅/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | |
|---|---|---|
| ထွန်းထွန်းနိုင် | ကြည်း | ၇၄၃၉၆ |

### (ရေတပ်ဌာနစု)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်)

အမှတ် ၂/၂၀၁၉ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | |
|---|---|---|
| စိုးမင်းသန်း | ရေ | ၅၄၆၇ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၈၁/ ၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်စွဲပါ စာအမှတ် ၂၇၀၂/ရအဖ-၁/၅၂/ရခ-၂/ ၂၀၁၈ အရ အောက်ဖော်ပြပါ နိုင်ငံ့ဝန်ထမ်း (၂) ဦးနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပြင်ပပုဂ္ဂိုလ် (၂) ဦးတို့အား အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများတွင် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|---|---|
| (၁) | ဒေါ်သက်နုနုထွေး | ၁၃/ဖခန (နိုင်) ၀၂၂၂၂၂ | (၃) | ဒေါ်စန်းယုမေ | ၉/မထလ (နိုင်) ၂၃၂၆၉၀ |
| (၂) | ဒေါ်ခိုင်ပြည့်ဖြိုး | ၅/မရန (နိုင်) ၂၀၉၃၅၄ | (၄) | ဒေါ်ညိမ့်ဝေဖူးသက် | ၁/မကန (နိုင်) ၁၅၀၈၆၉ |

ခင်မောင်ဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန။

**[ ယခင်အပတ် ပြည်တွင်းအခွန်များဦးစီးဌာန၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်အမှတ် ၂/ ၂၀၁၉၊ အငှားချထားသူက ငှားရမ်းခြင်းအတွက် ရရှိသည့် ပရီမီယံ (Lease Premium) အပေါ်တွင် ဝင်ငွေခွန် ကျသင့်ခြင်းနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းမှ အဆက် ]**

### နမူနာဖြစ်စဉ် (၁)

'က' ကုမ္ပဏီသည် 'ခ' ကုမ္ပဏီပိုင်ဆိုင်သော အဆောက်အအုံကို ငှားရမ်းခြင်း သဘောတူညီမှုဖြင့် ငှားယူခဲ့ပါသည်။ အဆိုပါ ငှားရမ်းခြင်းသဘောတူစာချုပ်အရ -

(က) 'က' ကုမ္ပဏီသည် 'ခ' ကုမ္ပဏီထံသို့ တစ်လလျှင် ငှားရမ်းခ ၂,၀၀၀,၀၀၀/- ပေးရပါသည်။

(ခ) 'က' ကုမ္ပဏီသည် 'ခ' ကုမ္ပဏီထံသို့ အငှားစာချုပ် ချုပ်ဆိုသည့်အပေါ်တွင် ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) အဖြစ် ၂၄,၀၀၀,၀၀၀/- ပေးရပါသည်။

### ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းဆိုင်ရာ သတ်မှတ်ချက်ကို ကျင့်သုံးခြင်း

'ခ' ကုမ္ပဏီက ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) အဖြစ် ရရှိခဲ့သည့် ၂၄,၀၀၀,၀၀၀/- သည် အငှားချထားသောအဆောက်အအုံနှင့်သက်ဆိုင်သည့် ထိတွေ့၍မရသောပစ္စည်းကို လွှဲပြောင်းပေးသည့်အတွက် ရရှိသည့်ငွေဖြစ်ပါသည်။ 'ခ' ကုမ္ပဏီအနေဖြင့် ယင်းသို့ရရှိသည့်ငွေမှ ကုန်ကျစရိတ်သို့မဟုတ် မူလတန်ဖိုးတို့ကို နုတ်ပယ်ခွင့်မရှိပါ။ အဘယ်ကြောင့်ဆိုသော် ထိတွေ့၍မရသောပစ္စည်းကို ငှားရမ်းမှုသဘောတူညီချက်အရ အငှားပိုင်ဆိုင်သူသို့ လွှဲပြောင်းပေးခြင်းဖြစ်သဖြင့် ယင်းသို့ လွှဲပြောင်းပေးခြင်းအတွက် ကုန်ကျစရိတ်မရှိသောကြောင့် နုတ်ပယ်ခွင့်မရှိခြင်းဖြစ်ပါသည်။

ထိတွေ့၍မရသောပစ္စည်းလွှဲပြောင်းခြင်းမှ ရရှိသည့်ငွေသည် ကျပ်သိန်း ၁၀၀ ထက် ပိုမိုသောကြောင့် 'ခ' ကုမ္ပဏီသည် အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ်တွင် ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။

ယင်းသို့ ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ရရှိသည့်ငွေမှ ကုန်ကျစရိတ်နှင့် မူလတန်ဖိုးတို့ကို နုတ်ပယ်ခွင့်မရှိသဖြင့် 'ခ' ကုမ္ပဏီသည် ငှားရမ်းခြင်းသဘောတူညီမှုအရ ငင်းငွေ ၂၄,၀၀၀,၀၀၀/- ကို လက်ခံရရှိသည့်နှစ်အတွက် အခြေပစ္စည်းမှမြတ်စွန်းငွေအဖြစ် သတ်မှတ်၍ ယင်း၏ ၁၀ ရာခိုင်နှုန်းကို ဝင်ငွေခွန် ပေးဆောင်ရမည်ဖြစ်ပါသည်။

'ခ' ကုမ္ပဏီသည် 'က' ကုမ္ပဏီထံမှ သတ်မှတ်ထားသော လစဉ်ငှားရမ်းခ (ငှားရမ်းခကို ကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခပေးချေငွေအပါအဝင်) လက်ခံရရှိသည့် ငွေပမာဏအပေါ်တွင်လည်း လက်ခံရရှိသည့် နှစ်အလိုက် ကျသင့်သည့်ဝင်ငွေခွန်ကို ပေးဆောင်ရမည်ဖြစ်ပါသည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် ( ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ ကြော်ငြာစာ

**မိုင်ကွန်း ကော်ပိုရေးရှင်း လီမိတက်**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရဖျက်သိမ်းဆဲ)

**နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း**

**မိုင်ကွန်း ကော်ပိုရေးရှင်း လီမိတက်** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည် -

နေ့ရက် - ၁၇. ၆. ၂၀၁၉

အချိန် - နံနက် (၉း၃၀) နာရီ

နေရာ - စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း၊
အမှတ် (၁၅၃)၊ ပထမထပ် (ညာ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရှင်းလင်းချက်များနှင့် စာရင်းရှင်းတမ်းကို တင်ပြပါမည်။

အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားပါသည်။

ဦးဇော်လွင်

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

Notice Under Section 348 of the Myanmar Companies Law

**GOLDEN EYES INTERNATIONAL CO., LTD**

(In Members' Voluntary Winding-Up)

According to the Special Resolution at the General Meeting held on 14th May, 2019 at Company's Office Room and it was resolved that:

(1) **GOLDEN EYES INTERNATIONAL CO., LTD** be wound up voluntarily by the members with effect from 14-5-2019.

(2) Be appointed the following persons as liquidators of the Company for the purpose of winding-up.

U YE NOOS
(LL.B)
Supreme Court Advocate
LIQUIDATOR
YE NOOS & ASSOCIATES (Law Firm)

DAW MOE MOE AYE
(B.Com, Diploma in I.F.R & Business Law)
CO-LIQUIDATOR
No. 176, (First Floor), Botahtaung Pagoda Road,
Pazundaung Township, Yangon Region.
Ph: 01-203023, 01-397234

(3) The creditors of **GOLDEN EYES INTERNATIONAL CO., LTD** are, therefore, requested to submit their claims together with supporting legal documents to the liquidators at the address given above, latest by 14th June, 2019.

Mr. ANDREW CHAN
Director
GOLDEN EYES INTERNATIONAL CO., LTD

**စင်းမန္တလာ ကုမ္ပဏီလီမိတက်**

**(SINGMANDALAR COMPANY LIMITED)**

အစုရှယ်ယာရှင်များ၏ ဆန္ဒအရဖျက်သိမ်းဆဲ

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

**Singmandalar Company Limited** ကို အစုရှယ်ယာရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ အစုရှင်များ၏ အပြီးသတ် နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နေ့ရက် ။ ။ ၁၇. ၆. ၂၀၁၉

အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ

နေရာ ။ ။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း၊ တိုက်အသစ် (၂)၊ အခန်း (၄)၊ ဖဆပလ အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရှင်းလင်းချက်များနှင့် အစီရင်ခံစာကို တင်ပြအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးသန်းအောင်
(B.Com, C.P.A, D.C.Sc)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
09 - 443244225

Notice Under Section 348 of the Myanmar Companies Law

**ARUSU MYANMAR CO., LTD**

(In Members' Voluntary Winding-Up)

According to the Special Resolution at the General Meeting held on 16th May, 2019 at Company's Office Room and it was resolved that:

(1) **ARUSU MYANMAR CO., LTD** be wound up voluntarily by the members with effect from 16-5-2019.

(2) Be appointed the following persons as liquidators of the Company for the purpose of winding-up.

U YE NOOS
(LL.B)
Supreme Court Advocate
LIQUIDATOR
YE NOOS & ASSOCIATES (Law Firm)

DAW MOE MOE AYE
(B.Com, Diploma in I.F.R & Business Law)
CO-LIQUIDATOR
No. 176, (First Floor), Botahtaung Pagoda Road,
Pazundaung Township, Yangon Region.
Ph: 01-203023, 01-397234 – 35

(3) The creditors of **ARUSU MYANMAR CO., LTD** are, therefore, requested to submit their claims together with supporting legal documents to the liquidators at the address given above, latest by 16- 6- 2019.

Mr. PARADORN KUNKONGKAPHAN
Managing Director
ARUSU MYANMAR CO., LTD

**Myanmar Personal Care Company Limited**

Notice Under Section 206 (1) of the Myanmar Companies Act

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the company held on (12.5.2019) the resolution that company was winding-up voluntarily and U Zin Wai (Certified Public Accountant) was appointed as a liquidator was passed on Extraordinary General Meeting Resolution. For above resolution all persons claiming to be creditors of the above company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the liquidator at the address given below at the day on (11.6.2019) or before that day.

Mr. Yeo Tien Wei Marvin
Managing Director
Myanmar Personal Care Co., Ltd

U Zin Wai
[B.Com (AA), C.P.A (210)]
No. (295), 1st Floor, Anawrathar Road,
Lanmadaw Township, Yangon.

Notice of Special Resolution

**JGP CONSULTANTS MYANMAR COMPANY LIMITED**

For Members' Voluntary Winding-Up

Pursuant to Section 345 & 348 of the Myanmar Companies Law

1. Under the Special Resolution passed on 29-4-2019, the Company is placed under voluntary liquidation, and U Sein Win Hlaing (P 149) has been appointed "Liquidator" of the Company.

2. Therefore all creditors and debtors of the Company hereby are notified to claim with evidence or to pay, if any, to the above-mentioned Liquidator to the address mentioned hereunder before 10-6-2019.

Mr. GOH AH WHAT JAMES (WU YAFA)
Managing Director
JGP Consultants Myanmar Co., Ltd

U SEIN WIN HLAING
Certified Public Accountant
Liquidator
No. 29, Level (5), Min Ye Kyaw Swar Street,
Lanmadaw Township, Yangon.
Ph : 09 - 5022970

Notice of Special Resolution

**STREAMCAST ASIA (MYANMAR) COMPANY LIMITED**

For Members' Voluntary Winding-Up

Pursuant to Section 345 & 348 of the Myanmar Companies Law

1. Under the Special Resolution passed on 3-5-2019, the Company is placed under voluntary liquidation, and U Sein Win Hlaing (P 149) has been appointed "Liquidator" of the Company.

2. Therefore all creditors and debtors of the Company hereby are notified to claim with evidence or to pay, if any, to the above-mentioned Liquidator to the address mentioned hereunder before 14-6-2019.

Mr. BOH TSE KWANG, KENNETH
Director
Streamcast Asia (Myanmar) Co., Ltd

U SEIN WIN HLAING
Certified Public Accountant
Liquidator
No. 29, Level (5), Min Ye Kyaw Swar Street,
Lanmadaw Township, Yangon.
Ph : 09 - 5022970

# ညီညွတ်သော အမြန်သယ်ယူပို့ဆောင်ရေး ကိုယ်စားလှယ်လုပ်ငန်း ကုမ္ပဏီလီမိတက်

**(United Agency Express Services Company Limited)**

မြန်မာကုမ္ပဏီများအက်ဥပဒေအရ

## စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မေလ (၁၆) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို ဒါရိုက်တာအဖွဲ့ဝင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရူ(ပ်)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်။

ဦးကျော်လွင်ဦး
မန်နေးဂျင်းဒါရိုက်တာ
ညီညွတ်သော အမြန်သယ်ယူပို့ဆောင်ရေး ကိုယ်စားလှယ်လုပ်ငန်း ကုမ္ပဏီလီမိတက်

ရရန်ရှိသည့် ကြွေးများတောင်းခံရန် သတိပေးခြင်း

(Claim Notice)

# ညီညွတ်သော အမြန်သယ်ယူပို့ဆောင်ရေး ကိုယ်စားလှယ်လုပ်ငန်း ကုမ္ပဏီလီမိတက်

အထက်ဖော်ပြပါ **ညီညွတ်သော အမြန်သယ်ယူပို့ဆောင်ရေး ကိုယ်စားလှယ်လုပ်ငန်း ကုမ္ပဏီလီမိတက်** ၏ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၁၅-၆-၂၀၁၉) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာ တင်ပြ၍တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရူ(ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊ ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၇၉၂၂၃၃၁၅၉၊ ၀၁-၂၃၀၄၃၄၉

## အားအင် ပြည့်ဝ လန်းဆန်းခြင်း ကုမ္ပဏီလီမိတက်
## (VITA FRESH COMPANY LIMITED)

မြန်မာကုမ္ပဏီများအက်ဥပဒေအရ

## စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မေလ (၁၆) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို ဒါရိုက်တာအဖွဲ့ဝင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု(ပ်)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်။

ဒေါ်အိသဲ
မန်နေးဂျင်းဒါရိုက်တာ
အားအင် ပြည့်ဝ လန်းဆန်းခြင်း ကုမ္ပဏီလီမိတက်

ရရန်ရှိသည့် ကြွေးများတောင်းခံရန် သတိပေးခြင်း

(Claim Notice)

## အားအင် ပြည့်ဝ လန်းဆန်းခြင်း ကုမ္ပဏီလီမိတက်

အထက်ဖော်ပြပါ **အားအင် ပြည့်ဝ လန်းဆန်းခြင်း ကုမ္ပဏီလီမိတက်** ၏ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၁၅-၆-၂၀၁၉) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊ ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၇၉၂၂၃၃၁၅၉၊ ၀၁-၂၃၀၄၃၄၉

## EVEREX MYANMAR COMPANY LIMITED

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **EVEREX MYANMAR COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၉ ခုနှစ်၊ မေလ (၁၂) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| Daw San Thawda Wun | ဦးဇင်ဝေ |
| Managing Director | [B.Com (AA), C.P.A (210)] |
| Everex Myanmar Co., Ltd | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## Myanmar Long Hai Corporation Company Limited

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**Myanmar Long Hai Corporation Company Limited** နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့ နံနက် (၁၀း၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်း၊ အမှတ် (၄၇) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ
[B.Com, C.P.A (210)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ဒီကို-တီဘီအက်(စ်)ပီ ဆိုလူးရှင်း ကုမ္ပဏီလီမိတက်
## (DECO-TBSP SOLUTIONS Co.,Ltd)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့် ကြွေးများတောင်းခံရန်
သတိပေးခြင်း

၂၀၁၉ ခုနှစ်၊ မေလ (၁၀) ရက်နေ့ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဦးစိန်ဝင်း Top Sein Win & Associate Consulting Limited အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့် အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၁၇. ၆. ၂၀၁၉) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

U Kyaw Khin
Managing Director
DECO-TBSP SOLUTIONS Co.,Ltd
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးစိန်ဝင်း
(B.Com, R.A, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Top Sein Win & Associate Consulting Limited
တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊
မာလာနွယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

## MS ANALYTICAL Company Limited
LIQUIDATION

We already decided for liquidation of **MS ANALYTICAL Company Limited** commencing from (10.5.2019) according to Special Meeting at (10.5.2019), company meeting room with company members. However, we hereby appointed that Win Ei Phyu (B.Com, CPA) for liquidation officer.We have to declare that the company getting and paying to Liquidation Officer at least (17.6.2019).

ဒေါ်ဝင်းအိဖြူ
(B.Com, CPA)
Liquidation Officer

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၁၇-၅-၂၀၁၉။